# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁၈ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၆)


## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း တရားဝင်ခရီးလာရောက်မည်

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ခရီး လာရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

### မိုးရာသီ သစ်ပင်စိုက်ပျိုး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)





## ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး သစ်ပင်စိုက်ပျိုးပေး

**ရန်ကုန် ဇွန် ၁၇**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝင်းအတွင်း၌ ကျင်းပသည့် ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ NPCC တို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စာချုပ်ချုပ်ဆို

နေပြည်တော် ဇွန် ၁၇

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro - Chem Corporation Limited (NPCC)တို့သည် ကုန်းပိုင်းလုပ်ကွက် F (ငလှိုင်တွင်းဒေသ)၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ဇွန် ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။**

### တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး၊ North Petro- Chem Corporation Limited (NPCC)မှ Chairman, Mr. Li Li နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

*စာမျက်နှာ ၃ ကော်လံ ၁* ❒




**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များကို NPCC မှ Chairman, Mr. Li Li ထံ ပေးအပ်စဉ်။** (စွမ်းအင်)

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၁၈ ရက်)

# ချစ်ကြည်ရင်းနှီး စည်းလုံးပေါင်းစည်း လမ်းပန်းဆက်သွယ်ခရီး

မြစ်တွေ့လျှင် တံတားဆောက်၊ တောင်တွေ့လျှင် လမ်းဖောက် ဆိုရိုးစကားအတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် မြစ်ကူးတံတားကြီးများ၊ ရထားလမ်းများ၊ မော်တော်ကားလမ်းများကို တိုးမြှင့်ဖောက်လုပ်၊ ဆောက်လုပ်ပေးလျက်ရှိရာ ယခုအခါ ပြည်ထောင်စု တစ်ဝန်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်တို့သို့ ကူးလူးဆက်သွယ် လွယ်ကူစွာသွားလာနိုင်ကြပြီဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင် လမ်းများကို BOT စနစ်ဖြင့် ဖောက်လုပ်လျက်ရှိရာမှာ ပဲခူးရိုးမဖြတ်ကျော်သည့် လမ်းများကို အသစ်ဖောက်လုပ်ခြင်းနှင့် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းကို အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းကိုလည်း တိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်လျက်ရှိရာ လက်ရှိမြေသားလမ်းအဆင့်တွင်ပင် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံပြည်သူများ ခရီးသွားလာရေးနှင့် ဒေသထွက်ကုန်များ ကူးသန်းရောင်းဝယ်ရေးအတွက် ကား၊ မော်တော်ဆိုင်ကယ်များဖြင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပြီးစီးသွားပါက ယင်းလမ်းမကြီးနှင့် ဆက်စပ်လျက်ရှိသော ဒေသများအားလုံး လူမှုစီးပွားကဏ္ဍများ တစ်ဆက်တစ်စပ်တည်း ပိုမိုဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်သည်။

လမ်းပိုင်းများကို ဖောက်လုပ်လျက်ရှိသော တိုင်းရင်းသားလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် မရှုမြင်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို အထောက်အကူပြု သယ်ပိုးနိုင်သည့် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ရှုမြင်ကာ လက်တွဲပါဝင် ဆောင်ရွက်လျက်ရှိကြသည်။

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် ပဲခူးရိုးမကို ဖြတ်ကျော်၍ နေပြည်တော်နှင့် မကွေးမြို့တို့ကို ပေါင်းကူးယှက်နွယ်ပေးမည့် လမ်းမကြီးဖြစ်သည်။ နိုင်ငံတော်အစိုးရသည် မကွေးတိုင်းအတွင်း ဧရာဝတီမြစ်ကူးတံတားကြီးများအပါအဝင် တံတားကြီးငယ်များ၊ ရထားလမ်းများ၊ ရိုးမဖြတ်ကျော်လမ်းနှင့် ခရိုင်ချင်း၊ မြို့နယ်ချင်းဆက်စပ်ပေးသည့်လမ်းများကို တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ မကွေးတိုင်းမှ အခြေပြုကာ ပြည်ထောင်စုတစ်ဝန်း လိုရာခရီးသို့ ဆက်စပ်သွားလာနိုင်ကြပြီဖြစ်၍ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ ပိုမိုဖြစ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# ဒုတိယဝန်ကြီး ဦးတင့်ဆွေ ပုသိမ်-မုံရွာလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇွန် ၆ရက် နံနက်ပိုင်းက ပုသိမ်-မုံရွာလမ်းနှင့် ယာကြီး-ကလေးဝလမ်းဆုံ မိုင်တိုင်အမှတ် (၄၅၀/၅)ရှိ လမ်းအခြေအနေနှင့် မိုင်တိုင်အမှတ် (၄၄၇/၁)ရှိ မြောက်ယမားချောင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း တံတားသံပေါင်တင်ပြီးမှုကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၃)မှ တာဝန်ခံအင်ဂျင်နီယာက တံတားသံပေါင်တင်ပြီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး မြောက်ယမားချောင်းတံတား ချဉ်းကပ်လမ်းနှင့် ပုသိမ်-မုံရွာလမ်းတို့ ဆက်သွယ်မည့် လမ်းဆုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၄၄၃/၄) အနီး ပုလဲ-ဂန့်ဂေါလမ်းဆုံရှိ လမ်းအခြေအနေနှင့် မိုင်တိုင်အမှတ် (၄၃၈/၀)နှင့် (၄၃၈/၁)ကြားတွင် တည်ဆောက်မည့် ခြောက်တင်းကျ တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဆားလင်းကြီးလမ်းဆုံတွင် ကျောက်များ စုဆောင်းထားရှိမှုနှင့် မြေကြီးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ မိုင်တိုင်အမှတ် (၄၂၈/၄) နှင့် (၄၂၈/၅) ကြားတွင် တည်ဆောက်နေသော ငွေသာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း၊ မိုင်တိုင်အမှတ် (၃၈၄/၇)တွင် စက်ယန္တရားကြီးများဖြင့် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေပြာလမ်းဆုံရှိ လမ်းအခြေအနေ၊ မိုင်တိုင်အမှတ် (၃၇၉/ ၇)နှင့် မိုင်တိုင်အမှတ် (၃၇၀/၁)ရှိ လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဇွန် ၁၀ရက်က ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်၏ ကြီးကြပ်မှုဖြင့် မြို့မရပ်ကွက်နှင့် ကျေးရွာများတွင် ခြင်ဆေးမှုတ်ခြင်း၊ ပိုးလောက်လမ်း နှိမ်နင်းဆေးထည့်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ကြရာ ရေးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ခြင်ဆေးမှုတ်ခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၆-၂၀၁၀ (သောကြာနေ့ )**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အာဠာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဗဟုပုတ္တိကသောဏာထေရ်ရီဝတ္ထု** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၀)
- ၈:၃၀ အသည်းကင်ဆာရောဂါဆိုင်ရာ ဆွေးနွေးပွဲ (Mascot Health Care)
- ၈:၄၅ စိုက်ပျိုးစွမ်းအား မြင့်မားစေတာ ကဥ္စနကျွန်းသာ
- ၉:၀၅ Activities in the City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား)
- ၉:၁၅ အထက(၃)ကြည့်မြင်တိုင်၏ မြတ်ဆရာပူဇော်ပွဲ
- ၉:၃၀ Movie Talk ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဦးပလာတာ (အပိုင်း-၁)
- ၁၀:၀၅ ချည်ခင်ကို မယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ်ထာဝစဉ်...
- ၁၀:၂၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာ သွင်စုထွေးနှင့် တွေ့ဆုံခြင်း)
- ၁၀:၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၅၅ Talent Show (လီယိုနာဒ်မောင်မောင်လွင်)
- ၁၁:၂၀ **တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
- ၁၁:၄၅ ပူဇော်လှူဒါန်း ကြာသက်န်း
- ၁၁:၅၅ VJ Choice
- ၁၂:၂၀ Activities in the City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား)
- ၁၂:၃၅ အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှု ရွှေဆိုင်းပညာ
- ၁:၀၀ **ဗဟုပုတ္တိကသောဏာထေရ်ရီဝတ္ထု** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၀၀ အထက(၃)ကြည့်မြင်တိုင်၏ မြတ်ဆရာပူဇော်ပွဲ
- ၃:၁၅ အဆင့်မီ ရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၀)
- ၄:၀၅ စိုက်ပျိုးစွမ်းအား မြင့်မားစေတာ ကဥ္စနကျွန်းသာ
- ၄:၂၅ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
- ၄:၄၀ စိမ်းသည့်မြေ
- ၄:၅၀ World of Knowledge (Perilous Journeys: Crossing The Himalaya)
- ၅:၄၀ အသည်းကင်ဆာရောဂါဆိုင်ရာ ဆွေးနွေးပွဲ (Mascot Health Care)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်း အလှပြင်ခန်း (Expression)
- ၆:၄၅ Talent Show (လီယိုနာဒ်မောင်မောင်လွင်)
- ၇:၀၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာသွင်စုထွေးနှင့် တွေ့ဆုံခြင်း)
- ၇:၂၀ စိမ်းသည့်မြေ
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်ဇာနည်နှင့် ကြည်လဲ့လဲ့ဦးတို့ တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၀)
- ၁၀:၀၀ Sports World
- ၁၀:၂၅ လှပသစ်ဆန်း အလှပြင်ခန်း (Expression)
- ၁၀:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်ဇာနည်နှင့် ကြည်လဲ့လဲ့ဦးတို့ တွေ့ဆုံခြင်း)
- ၁၁:၀၅ Talent Show (လီယိုနာဒ်မောင်မောင်လွင်)
- ၁၁:၃၀ VJ Choice
- ၁၁:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အခြေခံဒစ်ဂျစ်တယ်မြေတိုင်းသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ နည်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

**ဖွင့်လှစ်မည်**

တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပထဝီသတင်းအချက်အလက်မြေပုံစနစ် (Geographic Information System-GIS)ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံ အသုံးချစနစ် (Remote Sensing)၊ ဒစ်ဂျစ်တယ်မြေပုံထုတ်စနစ် (Digital Mapping)၊ မြေတိုင်း၊ ပုံထုတ်နှင့် အင်ဂျင်နီယာဒီဇိုင်းလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society-MES) နှင့် Myanmar Credent Technology တို့ ပူးပေါင်းပြီး အခြေခံဒစ်ဂျစ်တယ်မြေတိုင်း (Basic Digital Survey)သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာအထက်တန်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး မြေတိုင်းပညာရပ်နှင့် မြေတိုင်းလုပ်ငန်း စိတ်ဝင်စားသူများ၊ မြေတိုင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်နေသော်လည်း အခြေခံကျကျ သင်တန်းတက်ရောက်လိုသူများ၊ AGTI နှင့် B.E(Civil) ကျောင်းတက်ဆဲ ကျောင်းသား ကျောင်းသူများနှင့် ဘွဲ့ရများ၊ လုပ်ငန်းလိုအပ်ချက်အရ တက်ရောက်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

**လက်တွေ့**

မြေတိုင်းပညာရပ်၏ အခြေခံသဘောတရားများ၊ မြေပုံအရိပ်ချစနစ်နှင့် အခြေခံဒေတမ်ဆိုင်ရာ သီအိုရီများ သင်ကြားသွားမည့်အပြင် ဒစ်ဂျစ်တယ်သီအိုဒိုလိုက်နှင့် လယ်ဗယ်အသုံးချ၍ လက်တွေ့ကွင်းဆင်း တိုင်းတာမည်ဖြစ်သည်။ ထို့နောက် တိုင်းတာရရှိသော မြေပြင်အချက်အလက်များကို ကွန်ပျူတာဆော့ဖ်ဝဲလ်များအသုံးပြု၍ မြေပုံထုတ်လုပ်ခြင်းကိုပါ လက်တွေ့သင်ကြားသွားမည်ဖြစ်သည်။

သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဝင်များနှင့် ကျောင်းသား ကျောင်းသူများအတွက် သင်တန်းကြေး ၂၀ရာခိုင်နှုန်းလျှော့၍ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Limited (NPCC) တို့ ကုန်းပိုင်းလုပ်ကွက် F(ငလျှင်တွင်းဒေသ)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆိုပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

❐ ရှေ့ဖုံးမှ

ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေးနှင့် North Petro- Chem Corporation Limited (NPCC) မှ Chairman, Mr. Li Li တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ North Petro- Chem Corporation Limited (NPCC) မှ Chairman, Mr. Li Li၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် North Petro- Chem Corporation Limited (NPCC) မှ Geological Consultant, Mr. He Kegeng တို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဝန်ကြီး ဦးလွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်များကို လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များကိုလည်းကောင်း ပေးအပ်ကြရာ North Petro- Chem Corporation Limited (NPCC) မှ Chairman, Mr. Li Li က လက်ခံပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

လက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ကုန်းပိုင်းဒေသ ကုန်းပိုင်းလုပ်ကွက်ဖြစ်သော PSC-F(ငလျှင်တွင်းဒေသ)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ဧရာဝတီတိုင်းနှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ဧရာဝတီတိုင်းနှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကား ပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမောင်မောင်က မဲဆန္ဒနယ်မြေသတ်မှတ်ခြင်းနှင့် မဲရုံ၊ မဲပုံးလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်နှင့် လပွတ္တာခရိုင်တို့မှ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်အလိုက် ကော်မရှင်အဖွဲ့ခွဲများ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

**၁၈-၆-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅:၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ငါးရှဉ့်အကြောင်း တစေ့တစောင်း** (အပိုင်း-၂)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ **ရွာ** ဟာသဇာတ်လမ်းတွဲ **သဒ္ဒါလွန်** မေတ္တာ၊ဝွမ်းပုံ၊သန့်မျိုးဆွေ (ဒါရိုက်တာ-မိုးဇော်ကို)
- ၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၂၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၅၅)
- ၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်

○ ရှေ့ဖုံးမှ

ရှေးဦးစွာ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက မိုးရာသီသစ်ပင်စိုက်ပျိုးမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ သစ်ပင်များကို ပေးအပ်ကြသည်။

## အမှတ်တရစိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အထိမ်းအမှတ် ပန်းအလှပင်များကို ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက အပင်များကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိကြပြီး အညာတမာပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။ ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများက အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။ ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက ပြည်သူ့ဥယျာဉ်နှင့် အလုံလမ်း တစ်လျှောက်တို့၌ သစ်ပင်များကို စိုက်ပျိုးကြသည်။ **(သတင်းစဉ်)**



ပုသိမ်မြို့ မဟာဗန္ဓုလလမ်းဘေး မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန်းဝင်းဌေးနှင့် ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

# တောင်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၇

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စစ်တွေမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၅၇ လက်မ၊မောင်တောမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၉၅လက်မ၊ပုသိမ်မြို့တွင် ၂ ဒသမ ၆၇ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၃၃ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ဝမြို့၊ သိမ်ဇရပ်မြို့နှင့် သရက်မြို့တို့တွင် ၁ ဒသမ ၀၂ လက်မစီတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

<u>ဇွန် ၁၈ရက် ညနေအထိခန့်မှန်းချက်မှာ</u> ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့်မန္တလေးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်တွင်ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြစ်ဝကျွန်းပေါ်၊ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

<u>နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်</u> နေရွာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

# မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တိုးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၄)ထုတ်ဝေဖြန့်ချိ

*ရန်ကုန် ဇွန် ၁၇*

*ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။*

*မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း(ကလော)၊ မင်းသန်းမင်း(မင်းကင်း)၊ မြတ်ဘုန်း(တပ်ကုန်း)၊ ခမ်းစုဝင်းကြည်(သီပေါ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မင်းသွေးနွယ်(ဇီးကုန်း) ၊ မောင်သာချစ်(ဝက်လက်)၊ ညိုလွမ်းအောင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကျော့ဝင်း(မိုးညှင်း)တို့၏ အဖွင့်ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ လှထွန်း(တွံတေး)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သာနိုင်အောင်(ကျိုက်မရော)၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ မောင်ညိုအေး(မောရဝတီ)၊ မြမျက်ရှင်၊ အောင်ဇင်၊ မြတ်ဦး၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်စိုးယဉ်၊ ဒီဒိုင်း(ပြန်/ဆက်)၊ မောင်ပြိုးမြင့်(ဘီလူးမြို့)၊ မြင့်သူရ၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)၊ သက်ဦးနိုင်(မြဝတီ)၊ နိုင်မျိုးသစ္စာ(နမ္မတူ)၊ ကိုဇော်ဝင်း(လှတော)၊ တွန်းအားရှင်၊ အေးဖေ(ပန်းတောင်း)၊ သွဲ့ထားညို(သက္ကလ)၊ ရင်ရင်မော်(အာမခံ)၊ မင်းဦး(ဒဿန)၊ ရွှေကိုဦး၊ မောင်တင်ယု၊ ကချင်မြေငှက်ခါး၊ မောင်ဒင်၊ သော်သော် (M.D.Y)၊ ဝင်းသစ္စာ(သမ္ဘူလ)၊ ဇာနည်၊ နှင်းသူနန္ဒီ(ဇီးကုန်း)၊ လူမွန်(ပခုက္ကူ)၊ မင်းနိုင်လေး(လမ်းမတော်)၊ မင်းဝတီမိုး၊ ကိုပြည်(မြေလတ်)၊ နတ်မောက်ကြည်မြိုင်၊ မောင်ဒေါင်းဆွေ(ရွှေဇာမြေ)၊ ပျော်ဘွယ်မောင်အေး၊ အောင်ထွန်းလင်း(ချောက်)၊ ညောင်ရွှေခင်မောင်မြ၊ သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)၊ နေဦးမောင်(ပခုက္ကူ)၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ ကိုကိုအောင်(မြကန်သာ)၊ ကျုံမငေးစိမ်းသူ့ဆွေ၊ သန့်စင်လတ်(ပညာရေး)၊ ပန်းတနော်နောင်လတ်၊ မိုးညှင်းသစ္စာ၊ ကျော်(စက်မှု)၊ ဖိုးသား(ဟိုပင်)၊ ပန်းတနော်စောလွင်၊ ညြစုး(သောင်ကြီးမြောက်) ၊ စံသူမြတ်(သုံးဆယ်)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ ကလေးတို့အတွက်ကဗျာလက်ဆောင် စာလက်ဆောင်၊ တောလေ့စာပန်းချီ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ သတင်းကဏ္ဍအစရှိသည်တို့ဖြင့် သုတ၊ ရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) ၅၂၉-၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်နှင့် သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၃၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။* ***(သတင်းစဉ်)***



မြိုင်မြို့နယ်စည်ပင်သာယာရေးဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြဟန် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# ၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မသန်စွမ်းသူများ အားကစားပွဲကျင်းပမည်

*ရန်ကုန် ဇွန် ၁၇*

*အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ကြီးမှူး၍ ၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မသန်စွမ်း ဝှီးချဲယား (လေးဘီး၊ သုံးဘီး) ကျား၊ မပြိုင်ပွဲကို ဇွန် ၁၉ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားလေ့ကျင့်ရေးစခန်း စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်ပြီး မသန်စွမ်းဘော်လီဘောပြိုင်ပွဲ (ထိုင်လျက်)ကို ဇွန် ၂၀ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း ဘော်လီဘောလေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်သည်။*

## *ဆက်သွယ်စာရင်းပေး*

*ယင်းပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားအသင်းအဖွဲ့များသည် အောင်ဆန်းကွင်း မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ရုံးခန်း ဖုန်း-၀၁-၃၈၂၄၅၅သို့ ဆက်သွယ်စာရင်းပေးကြရန်နှင့် ပြိုင်ပွဲရက်များတွင် သက်ဆိုင်ရာကွင်းများသို့ နံနက် ၆နာရီအရောက်လာကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

## တရုတ် - အိုင်ယာလန် ဆက်ဆံရေး အလားအလာကောင်းနေ

ပေကျင်း ဇွန် ၁၇

အိုင်ယာလန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ဆက်ဆံရေးမှာ အနာဂတ်တွင်များစွာ အလားအလာကောင်းသည်ဟု ယုံကြည်ကြောင်း အိုင်ယာလန်သမ္မတ မာရီမက်အယ်လ်လစ်ဆီက ပေကျင်းမြို့၌ ဇွန်၁၆ ရက်တွင် ပြောကြားသည်။

### ပြောကြား

တရုတ်နိုင်ငံ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတက်ရောက်ရန် တရုတ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ပြီး အိုင်ယာလန်သမ္မတ မာရီမက်အယ်လ်လစ်ဆီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

တရုတ်နှင့် အိုင်ယာလန်နိုင်ငံတို့သည် နှစ်နိုင်ငံ သံတမန်ဆက်သွယ်သည့် အနှစ်(၃၀)အတွင်း မိမိတို့နှစ်နိုင်ငံစလုံး စီးပွားရေး တိုးတက်ခဲ့သည်ဟုလည်း အိုင်ယာလန်သမ္မတ မာရီမက်အယ်လ်လစ်ဆီက ပြောကြားလိုက်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



ရုရှားနိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ ဆိုယုဇ် အက်ဖ်ဂျီ ဒုံးကျည်လွှတ်တင်မှုကို ဇွန် ၁၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## အာဖဂန်သမ္မတကာဇိုင်း ဂျပန်နိုင်ငံသို့ထွက်ခွာ

ကဘူးလ် ဇွန် ၁၇

**အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် တရားဝင်ဂျပန်အစိုးရဧည့်သည်အဖြစ် ဂျပန်၌နေထိုင်လည်ပတ်ရန် တိုကျိုမြို့သို့ ဇွန်၁၆ရက်တွင် ထွက်ခွာကြောင်း အာဖဂန်သမ္မတနန်းတော်က ဇွန်၁၆ရက်၌ သတင်းထုတ်ပြန်သည်။**

သမ္မတကာဇိုင်း၏ လေးရက်တာ ဂျပန်ခရီးစဉ်အတွင်း၌ ဂျပန်ဘုရင်၊ ဂျပန်ဝန်ကြီးချုပ်နှင့် အခြားသောတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဂျပန်နှင့်အာဖဂန်နစ္စတန် နှစ်နိုင်ငံအကြား ကဏ္ဍစုံ အပြန်အလှန်တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမည်ဖြစ်သည်။

### လိုက်ပါ

သမ္မတကာဇိုင်း၏ဂျပန်ခရီးစဉ်တွင် သမ္မတကာဇိုင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဇာလ်မေးလ်ရာဆိုးလ်နှင့် ဘဏ္ဍာရေးဝန်ကြီး အိုမာဇက်ဟေးလ်ဝေါလ်တို့ အပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း

## အစ္စရေးက ရုရှားသို့ မောင်းသူမဲ့လေယာဉ် ရောင်းချရေး သဘောတူညီမှုမရသေး

တဲလ်အဗစ် ဇွန် ၁၇

အမေရိကန်ဒေါ်လာ သန်း၄၀၀ တန်ဖိုးရှိ မောင်းသူမဲ့လေယာဉ်များ ရုရှားသို့ ရောင်းချရေးနှင့် မော်စကိုမြို့တော်တွင် မောင်းသူမဲ့ လေယာဉ်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပေးမည့် သဘောတူညီချက်ကို အစ္စရေးနှင့်ရုရှားတို့ မရရှိသေးကြောင်း အင်တာနက်သတင်း၌ ဇွန် ၁၆ ရက်က ဖော်ပြသည်။

### တုံ့ဆိုင်း

အစ္စရေးက ရုရှားကို ယင်းကဲ့သို့သော တန်ဖိုးထိုက်တန်သည့် နည်းပညာဖြည့်ဆည်းပေးရန် တုံ့ဆိုင်းလျက်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမေရိကန်က ယင်းသဘောတူညီချက်ကို ဆန့်ကျင်နေသည့်အတွက်ဖြစ်ကြောင်း ရုရှားသတင်းဌာနက ဖော်ပြသည်။

### စိတ်ဝင်စား

အစ္စရေးအာကာသယာဉ် ထုတ်လုပ်ရေးကုမ္ပဏီက ရုရှားနှင့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသည်ဟု ပြောကြားပြီး ဖော်ပြပါ သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

## ဟောင်ကောင် နိုင်ငံတကာလေဆိပ် လေကြောင်းကုန်စည်ပို့ဆောင်မှု စံချိန်သစ်တင်

ဟောင်ကောင် ဇွန် ၁၇

ဟောင်ကောင်နိုင်ငံတကာလေဆိပ်မှ ယခုနှစ်အတွင်း မေလသည် ကုန်ပစ္စည်းတင်ပို့နိုင်သည့် အမြင့်ဆုံးလဖြစ်ရာ ကုန်တန်ချိန် စုစုပေါင်း ၃၆၇၀၀၀တင်ပို့နိုင်ခဲ့ပြီး လွန်ခဲ့သည့်နှစ် ထိုကာလကထက် ၄၁ ဒသမ ၈ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဇွန်၁၆ရက်တွင် လေကြောင်းအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

### ဦးဆောင်လာ

ဟောင်ကောင်နိုင်ငံတကာလေဆိပ်သည် ကမ္ဘာ့လေကြောင်းကုန်စည်ပို့ဆောင်မှု အများဆုံးလေဆိပ်အဖြစ် လေကြောင်းကုန်စည်သယ်ယူပို့ဆောင်မှုလျင်မြန်ပြီး သိသိသာသာ ဦးဆောင်လာမှုက ကျားကန်ပေးလျက်ရှိသည်။

### အများဆုံးဖြစ်

ယခုနှစ်မေလတွင် ဒေသတွင်း စီးပွားရေးများ ဆက်လက်ဦးဆောင်လာလျက်ရှိစဉ် လေကြောင်းခရီးသည် ၂၇ရာခိုင်နှုန်းတိုးမြင့်လျက်ရှိရာ အရှေ့တောင်အာရှနှင့် မြောက်အာရှတို့မှ ရောက်ရှိသူအများဆုံးဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## အီရန်အား ထပ်မံအရေးယူရေး ဥရောပသမဂ္ဂ ထောက်ခံ

ဘရပ်ဆဲလ် ဇွန် ၁၇

ဂျာမနီနိုင်ငံ လူဇင်ဘတ်မြို့၌ ကျင်းပသည့် ဥရောပသမဂ္ဂ(အီးယူ)အစည်းအဝေး၌ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို အရေးယူပိတ်ပင်မှုများ ထပ်မံပြုလုပ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဥရောပနိုင်ငံခြားရေးဝန်ကြီးများက တညီတညွတ်တည်း ထောက်ခံကြောင်း အင်တာနက်သတင်း၌ ဇွန် ၁၅ရက်တွင် ဖော်ပြသည်။

### ထုတ်ပြန်ကြေညာ

အီးယူနိုင်ငံခြားရေး မူဝါဒဆိုင်ရာ အကြီးအကဲ ကက်သရင်းအက်စတွန်က အီရန်အစိုးရ၏ နျူဆိုင်ရာစေ့စပ်ညှိနှိုင်းရေးမှူး ဆာအက်ဂျာလီလီအား နျူကလီးယားပြဿနာနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြီးနောက် ဇွန် ၁၅ရက်၌ အီးယူနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးကာ ယင်းကဲ့သို့ သဘောထား ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အီရန်အပေါ် ထပ်မံအရေးယူပိတ်ပင်မှုအချို့သည် ရေနံလုပ်ငန်းကို ထိခိုက်စေနိုင်ဖွယ်ရှိပြီး အီရန်အား ဖိအားပေးရေးအတွက် လုံခြုံရေးကောင်စီက အရေးယူပိတ်ပင်မှုများ ထပ်တိုးရန် ဥရောပသမဂ္ဂအနေဖြင့် ကိုယ်ပိုင်စည်းမျဉ်း ဥပဒေများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**(အင်တာနက်)**

## အာဖဂန်အရှေ့ပိုင်း၌ တိုက်ပွဲဖြစ် အရပ်သား ၁၀ဦး သေဆုံး

ကဘူးလ် ဇွန် ၁၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ တာလီဘန်စစ်သွေးကြွများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွားရာ အပြစ်မဲ့အရပ်သား ၁၀ဦး သေဆုံးရကြောင်း ပုဂ္ဂလိကရုပ်မြင်သံကြားဌာနက ဇွန် ၁၅ရက်၌ ထုတ်လွှင့်သည်။

### သေဆုံး

အဆိုပါ တိုက်ပွဲသည် ရှာဇက်ခရိုင်အတွင်း၌ ဇွန်၁၄ရက်ညမှ ဇွန်၁၅ရက် နံနက်အထိ ဖြစ်ပွားခဲ့ပြီး သေဆုံးသူအရပ်သား ၁၀ဦးကျော်ရှိသည်ဟုဆိုသည်။

တာလီဘန်သတင်းရပ်ကွက်၏ ထုတ်ဖော်ပြောကြားချက်အရ တိုက်ပွဲအတွင်း၌ ရဲတပ်ဖွဲ့ဝင် ၁၃ဦး သေဆုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## ဆော်ဒီအာရေဗျ ဓာတ်အားပေးစက်ရုံစီမံကိန်း တောင်ကိုရီးယားကုမ္ပဏီ တည်ဆောက်ခွင့်ရရှိ

ဆိုးလ် ဇွန် ၁၇

**ဆော်ဒီအာရေဗျနိုင်ငံ၌ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံ၏အကြီးစားစက်မှုလုပ်ငန်းကုမ္ပဏီဖြစ်သော ဟွန်ဒိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခွင့်ရရှိကြောင်း ဟွန်ဒိုင်းကုမ္ပဏီက ဇွန် ၁၆ရက်၌ ပြောကြားသည်။**

အဆိုပါ စက်ရုံတည်ဆောက်မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသည်ဟုဆိုသည်။

### တာဝန်ယူဆောင်ရွက်

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ အနောက်ဘက် ၁၂၅ ကီလိုမီတာအကွာရှိ ဒူရူမာဒေသ၌ လျှပ်စစ်ပမာဏ ၁၇၂၉ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီရွေးချယ်ခြင်းကို ဆော်ဒီလျှပ်စစ်ကော်ပိုရေးရှင်းက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။

### နှစ်ရှည်စီမံကိန်း

ရေနံကြွယ်ဝသည့် ဆော်ဒီအာရေဗျအစိုးရအနေဖြင့် လျှပ်စစ်ထုတ်လုပ်မှုပမာဏတိုးမြှင့်ရေးအတွက် နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ဟု သတင်းတွင်ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

ယဉ်ကျေးမှု တေးဂီတဖျော်ဖြေပွဲ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ရိုးရာယဉ်ကျေးမှုတေးဂီတ ဖျော်ဖြေပွဲကို ဇွန်၁၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)



အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ အဝေးထိန်းစက်ခလုတ်ဖြင့် ဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန်၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



## တရုတ်ကျောက်မီးသွေးတွင်းပြိုကျ လေးဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံးနေ

ချန်ရှာ ဇွန် ၁၇

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် ဇွန်၁၅ရက် မွန်းလွဲပိုင်းက ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အလုပ်သမားလေးဦး သေဆုံးပြီး နှစ်ဦးမှာပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အရာရှိက ပြောကြားသည်။

### ဆက်လက်ရှာဖွေ

ဟူနန်ပြည်နယ် လောင်ခ်ိစီရင်စုရှိ ရှီမင်းကျောက်မီးသွေးတွင်း ပြိုကျစဉ်တွင်းထဲ၌ အလုပ်သမားခြောက်ဦး ပိတ်မိခဲ့သည်။ အလုပ်သမားလေးဦး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး နှစ်ဦး၏အလောင်းကို ဆက်လက်ရှာဖွေလျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## နျူကလီးယား သုတေသန ဓာတ်ပေါင်းဖို အီရန် ထပ်မံတည်ဆောက်မည်ဟုဆို

တီဟီရန် ဇွန် ၁၇

အီရန်နိုင်ငံအနေဖြင့် တီဟီရန် ဓာတ်ပေါင်းဖိုထက် ပိုမိုအားကောင်းသော နျူကလီးယား ဓာတ်ပေါင်းဖိုတစ်ခုကို သုတေသနလုပ်ငန်းတွင် အသုံးပြုရန် ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲ အလီအက်ဘားဆာလီဟီက ဇွန် ၁၆ရက်၌ ပြောကြားသည်။

### ပြောကြား

တီဟီရန်က နိုင်ငံ၏ဒေသအချို့တွင် နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ပြီး အိုင်ဆိုတုတ်များ ထုတ်လုပ်ကာ ဒေသတွင်းနှင့် အစ္စလမ္မစ်နိုင်ငံများသို့ တင်ပို့ရောင်းချသွားရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားသည်။

### တည်ဆောက်သွားမည်

မိမိတို့သည် တီဟီရန် နျူကလီးယားဓာတ်ပေါင်းဖိုအတွက် နျူကလီးယားလောင်စာဆီထုတ်လုပ်သည့် အတတ်ပညာများရရှိထားပြီဖြစ်ကြောင်း၊ နောက်ထပ် နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုကို ၂၀၁၁ ခုနှစ် မတ်လတွင် စတင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆာလီဟီက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

## ရုရှားအကူအညီပေးရေးလေယာဉ် ကာဂျစ္စတန်သို့ရောက်ရှိ

*လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းအဖြစ် ရုရှားနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာပစ္စည်းများ တင်ဆောင်လာသော ရုရှားလေယာဉ်သုံးစင်းသည် ကာဂျစ္စတန်နိုင်ငံသို့ ဇွန် ၁၇ရက် နံနက်က ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိလာကြောင်း ကာဂျစ္စတန်အရာရှိများက ပြောကြားသည်။*

## အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အုတ်တံတိုင်းပြိုကျ

***အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဇွန် ၁၇ရက် နံနက်က ဆောက်လုပ်ရေးလုပ်ငန်း တစ်ခု၌ အုတ်တံတိုင်းပြိုကျမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးခဲ့ကြောင်း မွမ်ဘိုင်းမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။***

## ကော့ကေးဆပ်ဒေသ၌ ရုရှားရဲတပ်ဖွဲ့ဝင်များသေဆုံး

*ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ဒေသ၌ ဇွန် ၁၇ရက် နံနက်က ရုရှားရဲတပ်ဖွဲ့ဝင်လေးဦးကို လက်နက်ကိုင်များက ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း ရုရှား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။*

## ပင်လယ်နီမြောက်ဘက်၌ တူးမြောင်းဖောက်မည်

***ရေအခက်အခဲပြဿနာကို ဖြေရှင်းရန်အတွက် ပင်လယ်နီ၏မြောက်ဘက်အစုပ်မှ တူးမြောင်းဖောက်လုပ်ရေးအတွက် အစ္စရေး၊ ဂျော်ဒန်နှင့်ပါလက်စတိုင်းတို့မှ ကိုယ်စားလှယ်များနှင့် ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူများ ဇွန် ၁၇ရက်၌ ဆွေးနွေးကြကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။***

## ကမ္ဘောဒီးယား၌ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်

*ကမ္ဘောဒီးယားနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူ ၁၅၀ခန့် လာရောက်ရင်းနှီး မြှုပ်နှံရန် ကမ္ဘောဒီးယားအစိုးရက ခွင့်ပြုပေးလိုက်ကြောင်း ဇွန်၁၇ရက်၌ သတင်း ထုတ်ပြန်သည်။*

## ပြင်သစ်၌အငြိမ်းစားယူမှု အသက်၆၂နှစ် သတ်မှတ်မည်

***ပြင်သစ်နိုင်ငံတွင် ဝန်ထမ်းများ အငြိမ်းစားယူမှုကို ၂၀၁၈ ခုနှစ်မှစတင်ကာ အသက် ၆၂နှစ် သတ်မှတ်မည်ဖြစ်ကြောင်း ပြင်သစ်အလုပ်သမားရေးရာဝန်ကြီး ဌာနက ဇွန် ၁၇ရက်၌ သတင်းထုတ်ပြန်သည်။***

## နျူကလီးယား အိန္ဒိယနှင့်တောင်ကိုရီးယား ဆွေးနွေး

*အိန္ဒိယနှင့် တောင်ကိုရီးယားနှစ်နိုင်ငံတို့သည် အရပ်ဘက်သုံး နျူကလီးယား အစီအစဉ် ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ ထိုသို့ ဆွေးနွေး ရာတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ဦးဆောင်မည်ဖြစ်ကြောင်း တောင် ကိုရီးယားအရာရှိများက ဇွန် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။*

## လာမည့်နှစ်လအတွင်း သစ်ပင်မခုတ်ရန် နီပေါ၌သတ်မှတ်

***နီပေါနိုင်ငံတစ်ဝန်းတွင် လာမည့်ဇူလိုင်နှင့် ဩဂုတ်လအတွင်း သစ်ပင်လုံးဝမခုတ်ရန် အစိုးရကအမိန့်ထုတ်ပြန်လိုက်ကြောင်း နီပေါအရာရှိများက ဇွန် ၁၇ ရက်၌ ပြောကြားသည်။***

## အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ်၌ မြေပြိုမှုဖြစ်ပွား

*အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ် အမ်ဘွန်မြို့တွင် ဇွန် ၁၇ရက်က မြေပြိုမှု ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြား သည်။* ***(အောက်ပုံ)*** ***(အင်တာနက်)***





## ရောဝတီတိုင်း အဝင်မုခ်ဦးဝန်းကျင် သာယာလှပရေး စုပေါင်းဆောင်ရွက်

ညောင်တုန်း ဇွန် ၁၇

**ညောင်တုန်းမြို့နယ်သည် ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး ရောဝတီတိုင်း၏ တံခါးပေါက်မြို့နယ် တစ်မြို့နယ်ဖြစ်သည့်အားလျော်စွာ ရန်ကုန်တိုင်းနှင့် ရောဝတီတိုင်းနယ်စပ် ညောင်တုန်းမြို့နယ်တွင်တည်ရှိသော ရောဝတီတိုင်းမှလှိုက်လှဲစွာ ကြိုဆိုပါ၏ မုခ်ဦးဆိုင်းဘုတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် တိုင်းအဆင့်မီ ခံ့ညား ထည်ဝါရေးအတွက် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနှင့် မြို့နယ်ဆောက်လုပ်ရေးတို့က စုပေါင်းဆောင်ရွက်ကြသည်။**

### ဆောင်ရွက်

အဆိုပါ ဌာနဆိုင်ရာများက ရောဝတီတိုင်းမှ လှိုက်လှဲစွာကြိုဆိုပါ၏ မုခ်ဦး ဆိုင်းဘုတ်ဝန်းကျင်တွင် မြေဖို့ခြင်း၊ မုခ်ဦး ဆိုင်းဘုတ်ပြင်ဆင်မွမ်းမံခြင်း၊ မြက်ခင်း နှင့်ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်း များကို ဆောင်ရွက်ကြသည်။

မုခ်ဦးဆိုင်းဘုတ်သာယာလှပရေးနှင့် တိုင်းအဆင့်မီ ခံ့ညားထည်ဝါရေးအတွက် ဆောင်ရွက်နေမှုကို ရောဝတီတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို နှင့်အဖွဲ့ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့က ရှင်း လင်းပြသသည်။ **(အပေါ်ဝဲပုံ) (၁၅၂)**

## မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ သီပေါ အထက်တန်းကျောင်းခန်းမ၌ ကျင်းပ



**သီပေါ ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မှုခင်းကျဆင်း ရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၁၀ရက် နံနက်က သီပေါ မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းယုနှင့် ခရိုင်ရဲတပ်ဖွဲ့ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံအရာရှိ ရဲအုပ်သိန်းဆွေညွန့်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မှုခင်းများအကြောင်း သိကောင်း စရာများကို ဟောပြောကြသည်။ ထို့နောက် သီပေါမြို့နယ်ပညာ ရေးမှူး ဦးသန်းဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။ (၀၂၀)

**ကျောက်ဆည်မြို့ ကံဦးရပ် အမှတ် ၁နေ ဦးညီလေး-ဒေါ်ခင်ထွေး ညွန့်၊ သမီးကြီးမခင်မြတ်နိုး၊ သမီးငယ် မသက်ယုနွယ် မိသားစုက ဦးယုံဖွာ အသက်(၇၈)နှစ်အားရည်စူး၍ ဒဂုံမြို့ သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေပဒေ သာပင် အလှူငွေကျပ် ငါးသိန်းနှင့် ဆေးဝါးပစ္စည်း တန်ဖိုးငွေကျပ် ၂၃၄၀၀၀တို့ကို လှူဒါန်းရာ အတွင်း ရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။**

(ကင်ဆာဖောင်ဒေးရှင်း)

## မနေဖြူ၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး

မနေဖြူ ဇွန် ၁၇

**ရောဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတတိုးပွားရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ သဘာဝမျိုးငါးများ လျော့နည်းပပျောက်မှုမရှိစေရေး၊ ကျေးလက်နေပြည်သူများ ငါးစားသုံးမှုပိုမိုစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို မေ ၃ရက် နံနက် ၁၀နာရီက မနေဖြူမြို့နယ် ငါးလုပ်ငန်းဦးစီး ဌာနရုံး၌ ကျင်းပသည်။** (အောက်ပုံ)





### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးဝင်းက မြို့နယ်အတွင်း ရှိ ရေချိုငါးလုပ်ငန်း ရေပြင်များ၊ ဂရန်အင်း၊ တင်ဒါပိုက်ချက်၊ ဘုံငါးဖမ်းကွက်များတွင် ငါးမျိုးပြုန်းတီးမှု မရှိစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ ငါးမျိုးပြုန်းတီးစေသော ဘက်ထရီရှော့တိုက်၊ အဆိပ်ဆေးချ ငါးဖမ်း ခြင်း၊ အင်းဂရန်များ ရေရှည်တည်တံ့ ကောင်းမွန်စေရေးအတွက် ပြုပြင်ထိန်းသိမ်း ခြင်းစသည်များကို ရှင်းလင်းဆွေးနွေးပြီး မနေဖြူမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းရွှေ၊ လုပ်ငန်းတာဝန်ခံနှင့် အကျော် ကျေးရွာဥက္ကဋ္ဌတို့က ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းနှင့် ဝန်ထမ်း များ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန် ရှိသူများ၊ လုပ်ငန်းတာဝန်ခံများနှင့် ရေလုပ် ငန်းလုပ်ကိုင်သူများ တက်ရောက်ကြသည်။ (၁၄၇)

## အင်္ဂပူမြို့နယ် ကြီးပွားရေးစာကြည့်တိုက်တွင် e-Library နှင့် Internet ဖွင့်ပွဲကျင်းပ

**အင်္ဂပူ ဇွန် ၁၇**

ရောဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ထူးကြီးရှိကြီးပွားရေးစာကြည့် တိုက်တွင် e-Library နှင့် Internet ဖွင့်ပွဲအခမ်းအနားကို မေ၁၅ရက် နံနက်၉နာရီ က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသန့် ရှင်းမောင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟုတ် ထိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်ကြသူများက စာကြည့်တိုက်အတွင်းရှိ e-Library နှင့် Internet တပ်ဆင်အသုံးပြုမှုကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ကုန်ကျစရိတ်စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၀၄၃၂၇၅ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



**ကြို့ပင်ကောက်မြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်မည့် ဗိုလ်ရုံလမ်း အုတ်ခုံ သံကူကွန်ကရစ်တံတားဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ပဲခူးတိုင်း(အနောက် ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်း တင်ပြစဉ်။**

(မြို့နယ်စည်ပင်)



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ မြန်မာနိုင်ငံကျေးလက်ဒေသ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Cho Byung Jae တို့ လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ စာသင်ကျောင်းဆောင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအဆောက်အအုံ၊လမ်းတံတားများ

## ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၇

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်သည့် လှည်းကူးမြို့နယ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအဆောက်အအုံ၊ လမ်းတံတားများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန်၁၁ရက် နံနက်စနာရီက စီမံကိန်းတည်ရှိရာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ ကျေးရွာခန်းမ၌ ကျင်းပသည်။**

### အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Cho Byung Jae က အမှာစကား ပြောကြားကာ KOICA မှ စီမံကိန်း မန်နေဂျာ Mr. SUH Chong-Hyuk က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

### ပြန်လည်ပေးအပ်

ဆက်လက်၍ KOICA ဌာနေ ကိုယ်စားလှယ် Ms. Kim Jin Hwaက စီမံကိန်းအတွက် ဆောက်လုပ်ထားသော စာသင်ကျောင်းတစ်ကျောင်း၊ ကျေးရွာခန်းမ သုံးခု၊ လမ်းတံတားများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် သံအမတ်ကြီးတို့က စီမံကိန်းဝင်စခန်းကြီး ကျေးရွာစာသင်ကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ကျန်းမာရေးကဏ္ဍ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) တို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ၊ ကျောက်ကဒင်ကျေးရွာနှင့် ခနောင်ကျေးရွာများတွင် လယ်ယာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသော စီမံကိန်းဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲအသုံးပြုရေး၊ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မွေးမြူရေးကဏ္ဍတွင်လည်း စံပြကြက်ဝက် မွေးမြူရေးစခန်းများ ထူထောင်ပေးကာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေ ပြည်သူများ ပညာသင်ကြားမှု အထောက် အကူပြုသည့် စာသင်ကျောင်း၊ ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာများ၊ ကျောင်းသုံး ပရိဘောဂများထောက်ပံ့ပေး၍ ဝန်ထမ်းများ၊ တောင်သူများအားဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်အောင် သင်တန်းပေးသွားမည် ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးအတွက် ကျေးရွာခန်းမ၊ ဆေးခန်းများ ဆောက်လုပ် ပေးပြီး သန့်ရှင်းသော သောက်သုံးရေရရှိ ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးခြင်းတို့ ဆောင်ရွက် မည့်အပြင် စီမံကိန်းဆိုင်ရာ အဆောက်အအုံ ဖြစ်သည့် စာသင်ကျောင်းတစ်ကျောင်း၊ ကျေးရွာခန်းမသုံးခု၊ လမ်း၊ တံတားများ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ သံဖြူဇရပ်၌ကျင်းပ

**သံဖြူဇရပ် ဇွန် ၁၇**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ရပ်ရွာလူထုအခြေပြု ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂/၂၀၁၀)ဆင်းပွဲကို ဇွန် ၁၃ရက်က သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ ပင်လယ်ကမ်းခြေ၌ ကျင်းပသည်။

### တက်ရောက်

သင်တန်းဆင်းပွဲသို့ သံဖြူဇရပ်မြို့နယ် ကြက်ခြေနီအသင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ကြက်ခြေနီအသင်းတပ်ရင်းမှူးဒုတိယရဲမှူး ညိုလှ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသူရ၊ ကြက်ခြေနီအသင်း ဒုတိယတပ်ရင်းမှူး ဦးထွန်းထွန်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌ**(ယာပုံ)**နှင့် တာဝန်ရှိသူများက ပေးအပ်သည်။

**(မြို့နယ် ပြန်/ဆက်)**



# ပျဉ်းမနား-ပင်လောင်းလမ်း တိုင်းမှူးဗိုလ်ချုပ်ရာပြည့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၇**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်သည် တာဝန်ရှိသူများနှင့်အတူ မေ၃၀ရက် နံနက်ပိုင်းက ပျဉ်းမနား-ပင်လောင်းလမ်းဆောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ပျဉ်းမနား-ပင်လောင်းလမ်း တစ်လျှောက် လမ်းအခြေအနေများနှင့်တံတားများ ဆောက်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ပင်လောင်းမြို့နယ် အစည်းအဝေးခန်းမ၌ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

### လိန်းလီတံတား

ထို့နောက် တိုင်းမှူးသည် လိန်းလီတံတားချဉ်းကပ်လမ်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် လိန်းလီတံတားတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက်၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးအထောက်အကူဖြစ်စေရန် ဦးကျင်ထွန်း-ဒေါ်သင်းသင်း(ရန်ကုန်) မိသားစုက ငွေကျပ်၁၇သိန်းကျော်တန်ဖိုးရှိ စာကြည့်တိုက်သုံးပစ္စည်း၊ ကျောင်းသုံး ဗလာ စာအုပ်၊ ခဲတံ၊ ဘောပင်များနှင့် အာဟာရတိုက်ကျွေးရန် အလှူငွေများကို ကျောင်းအုပ် ဆရာကြီး ဦးတိုးအောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# ဘီစီဘီစင်တာမှ စီမံခန့်ခွဲမှု ရက်တိုသင်တန်းဖွင့်မည်

**နေပြည်တော် ဇွန် ၁၇**

Myanmar Business Executives (MBE) Network မှ ဖွင့်လှစ်ထားသည့် Business Capacity Building (BCB) Centre က ဇွန် ၂၁ရက်မှစတင်၍ သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး ဈေးကွက်စီမံခန့်ခွဲမှု ကျွမ်းကျင်ရေးသင်တန်း၌ ဈေးကွက်မဟာ ဗျူဟာချမှတ်ခြင်း၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် ဖောက်သည်ဆက်ဆံရေးကို ကိုင်တွယ်ခြင်း ဘာသာရပ်များ ပါဝင်မည်ဖြစ်ကာကျွမ်းကျင်သော ဈေးကွက်ဖော်ဆောင်မှု စီမံခန့်ခွဲသူတစ်ဦး ဖြစ်လာအောင် လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း။

### သင်ကြားမည်

အရောင်းပညာကျွမ်းကျင်မှုသင်တန်း၌ ထိရောက်စွာ ရောင်းချမှု အတတ်ပညာ၊ အရောင်းသမားအတွက် စေ့စပ်ညှိနှိုင်းမှု ပညာနှင့် စားသုံးသူ ဝန်ဆောင်မှုပေးခြင်း ဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး ထိရောက်သော အရောင်းသမားဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း။

စီမံခန့်ခွဲမှုပညာသင်တန်း၌ စီမံခန့်ခွဲမှု အခြေခံမှုများ၊ ခေါင်းဆောင်မှုပညာနှင့် အဖွဲ့အစည်းအတွင်း ဆက်သွယ်ရေးဘာသာရပ်များပါဝင်မည်ဖြစ်ပြီး မန်နေဂျာဖြစ်လိုသူများအတွက် မသိမဖြစ် စီမံခန့်ခွဲမှု ပညာများကို ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း။

ကိုယ်ပိုင်လုပ်ငန်း စီမံခန့်ခွဲမှု ပညာသင်တန်း၌ စွန့်ဦးတီထွင်လုပ်ငန်းဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်တာ စီမံခန့်ခွဲမှုနှင့် အသေးစား/ အလတ်စားလုပ်ငန်းများ စီမံခန့်ခွဲခြင်း ဘာသာရပ်များပါဝင်မည်ဖြစ်ပြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာအောင်လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

### ကန့်သတ်

သင်ကြားမှုတွင်လည်း ဘာသာရပ်ဆိုင်ရာ သင်ကြားမှု အတွေ့အကြုံရှိ ဆရာဆရာမများ၏စနစ်တကျ သင်ကြားပေးမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင်အခက်အခဲများကို ဝိုင်းဝန်းကူညီ ဖြေရှင်းပေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။ သင်တန်းချိန်များကို ရုံးချိန်ပြင်ပတန်းခွဲများအဖြစ်စီစဉ်ထားပြီးသင်တန်းများကို စတင်လက်ခံနေပြီဖြစ်ကြောင်းနှင့် သင်ကြားမှု ထိရောက်စေရန် သင်တန်းသားဦးရေကန့်သတ်ထားသည်။

### စုံစမ်းနိုင်

စိတ်ဝင်စားသူများအနေဖြင့် BCB Centre အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁၊ E-mail: bcbcentre @mptmail.com .mm bcbcentre009@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**



## ပြန်လည်တူးဖော်

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်း စည်ပင်နှင့်ပြည်သူပူးပေါင်းလျက် မင်းရွာကျေးရွာအတွင်းရှိ နဂယားရေကန် ပြန်လည်တူးဖော် ဆောင်ရွက်ခြင်းကို မေ၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ဝင်း ကြည့်ရှုစစ်ဆေးစဉ်။(မြို့နယ် ပြန်/ဆက်)

# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Myanma Awba Group Co.,Ltd. ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇွန် ၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာတင်မောင်မောင်သန်းက စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ပုံစံ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြကြောင်း သိရသည်။**

(သတင်းစဉ်)

# အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)နှင့် မြန်မာနိုင်ငံ

## တက္ကသိုလ်ဟန်စိုးဦး

၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၄ရက်နေ့ကနေ ၁၅ရက်နေ့ အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာကျင်းပခဲ့တဲ့ အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ- အေစီဒီ(Asia Cooperation Dialogue-ACD)ရဲ့ (၈)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက အေစီဒီစတင် တည်ထောင်ဖွဲ့စည်းခဲ့တဲ့ ဇွန်လ ၁၈ရက်နေ့ကို အေစီဒီနေ့(ACD Day)အဖြစ် သတ်မှတ်ခဲ့ပါတယ်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)ကို အာရှတိုက်မှာရှိနေတဲ့ နိုင်ငံများအကြား အကျိုးတူကိစ္စရပ်တွေမှာ ညှိနှိုင်းဆွေးနွေးပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးမြှင့်သွားနိုင်ဖို့ရည်ရွယ်ပြီး ၂၀၀၀ပြည့်လွန်နှစ်တွေ အတွင်းက စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။

၂၀၀၂ခုနှစ် ဖေဖော်ဝါရီလအတွင်းက ထိုင်းနိုင်ငံ ဖူးခက်မြို့မှာကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ အာရှတိုက်အတွင်း အာဆီယံကဲ့သို့ ဒေသဆိုင်ရာအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေကြသော်လည်း အာရှတိုက်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ အဖွဲ့ကြီးမရှိသေးတဲ့အတွက် အာရှတိုက်တစ်ခုလုံးကို ကိုယ်စားပြုမယ့် အေစီဒီဆွေးနွေးပွဲကို စတင်သွားသင့်ကြောင်း သဘောတူညီခဲ့ကြပါတယ်။ အေစီဒီမှာ အာရှနိုင်ငံများကိုသာ အဖွဲ့ဝင်အဖြစ်လက်ခံရန်နဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများကိုသာ ဆွေးနွေးသွားရန်ကိုလည်း သဘောတူညီခဲ့ကြပါတယ်။

အေစီဒီဆွေးနွေးပွဲတွေရဲ့ အဓိကရည်မှန်းချက်(၄)ရပ်ကတော့-

- အာရှတိုက်အတွင်းရှိ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စွမ်းဆောင်နိုင်မှုကို အခြေခံပြီး အာရှတိုက်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊
- နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် အာရှတိုက်၏ စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်သွားရန်နှင့် အာရှတိုက်အတွင်း ဈေးကွက်များ ချဲ့ထွင်သွားရန်၊
- လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုများ၊ နည်းပညာများ၊ အပြန်အလှန် ဖလှယ်သွားရန်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန်၊ သယ်ယူပို့ဆောင်မှုကွန်ရက်များ မြှင့်တင်သွားရန်၊
- အာရှတိုက်နိုင်ငံအချင်းချင်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် အမှီသဟဲပြုနေမှုကို မြှင့်တင်သွားရန်တို့ဖြစ်ပါတယ်။

အေစီဒီ ဆွေးနွေးပွဲကို နိုင်ငံ ၁၈နိုင်ငံ တက်ရောက်မှုနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီ ၁၈ နိုင်ငံကတော့ အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံနဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘာရိန်းနဲ့ ကာတာနိုင်ငံတို့ ဖြစ်ပါတယ်။

မူလက အေစီဒီ ဆွေးနွေးပွဲတွေကို အစိုးရအဖွဲ့ အကြီးအကဲများအဆင့် အစည်းအဝေးအထိ ကျင်းပဖို့ ရည်မှန်းခဲ့ပေမယ့် လက်တွေ့မှာတော့ နိုင်ငံခြားရေးဝန်ကြီးများအဆင့်အစည်းအဝေးကိုသာ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါတယ်။ အခုအချိန်အထိ အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိုရှစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။

ပထမအကြိမ် အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချာအမ်းမြို့မှာ ၂၀၀၂ခုနှစ် ဇွန်လ ၁၈ ရက်နေ့ကနေ ၁၉ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများအပါအဝင် အာရှတိုက်နိုင်ငံ စုစုပေါင်း ၁၇နိုင်ငံ တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံကတော့ အဲဒီအချိန်မှာ အခြားအစည်းအဝေးတွေနဲ့ တိုက်ဆိုင်နေလို့ ကိုယ်စားလှယ် စေလွှတ်နိုင်ခဲ့ခြင်း မရှိပါဘူး။

ပထမအကြိမ် အစည်းအဝေးမှာ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ အာရှတိုက်၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး၊ သယ်ယူပို့ဆောင်မှု အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အေစီဒီနိုင်ငံများအကြား ဖြစ်နိုင်ခြေရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများအဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဒုတိယအကြိမ် အစည်းအဝေးကို ထိုင်းနိုင်ငံ ဇင်းမယ်မြို့မှာ ၂၀၀၃ ခုနှစ် ဇွန်လ ၂၁ ရက်ကနေ ၂၂ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ သီရိလင်္ကာ၊ ကူဝိတ်၊ အိုမန်နဲ့ ကာဇက်စတန်နိုင်ငံတို့ကို အေစီဒီအဖွဲ့ဝင်သစ်များအဖြစ် လက်ခံခဲ့လို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၂နိုင်ငံ ဖြစ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒုတိယအကြိမ် အေစီဒီ အစည်းအဝေးကစတင်ပြီး ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့များ စဉ်ဆက်မပြတ် ပါဝင်တက်ရောက်ခဲ့ပါတယ်။

တတိယအကြိမ် အစည်းအဝေးကို တရုတ်နိုင်ငံ ချင်းဒေါင်းမြို့မှာ ၂၀၀၄ခုနှစ် ဇွန်လ ၂၁ရက်နေ့မှ ၂၂ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ မွန်ဂိုလီးယား၊ ဘူတန်၊ အီရန်နဲ့ အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး) တို့ကို အဖွဲ့ဝင်နိုင်ငံများအဖြစ် ထပ်မံတိုးချဲ့ လက်ခံခဲ့တဲ့အတွက် အေစီဒီ အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း ၂၆နိုင်ငံ ရှိလာခဲ့ပါတယ်။

စတုတ္ထအကြိမ်အစည်းအဝေးကို ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့မှာ ၂၀၀၅ခုနှစ် ဧပြီလ ၅ရက်နေ့မှ ၇ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ရုရှားနဲ့ ဆော်ဒီအာရေဗျနိုင်ငံတို့ ထပ်မံအဖွဲ့ဝင်ဖြစ်လာခဲ့တဲ့အတွက် အေစီဒီအဖွဲ့ဝင်အင်အားဟာ ပိုမိုတိုးတက်လာခဲ့ပါတယ်။

ပဉ္စမအကြိမ် အစည်းအဝေးကို ၂၀၀၆ခုနှစ် မေလ ၂၃ရက်နေ့မှ ၂၄ရက်နေ့အထိ ကာတာနိုင်ငံ ဒိုဟာမြို့မှာ ကျင်းပခဲ့ပြီး ၎င်းအစည်းအဝေးမှာ တာဂျစ်ကစ္စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံတို့ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ၂၀၀၇ခုနှစ် ဇွန်လ ၄ရက်နေ့မှ ၆ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှာ ကျင်းပခဲ့ပါတယ်။ သတ္တမအကြိမ် အစည်းအဝေးကို ၂၀၀၈ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့မှ ၁၆ရက်နေ့အထိ ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့မှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ကာဂျစ်စတန်နိုင်ငံကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မော်ရိုကိုနိုင်ငံကို အေစီဒီရဲ့ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်နိုင်ငံအဖြစ်လည်းကောင်း၊ တိုးချဲ့လက်ခံခဲ့တဲ့ အတွက် အေစီဒီမှာ အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း ၃၁နိုင်ငံနဲ့ မိတ်ဖက်နိုင်ငံ တစ်နိုင်ငံ ရှိလာခဲ့ပါတယ်။ အဋ္ဌမအကြိမ်အစည်းအဝေးကို ၂၀၀၉ခုနှစ် အောက်တိုဘာလ ၁၄ရက်နေ့မှ ၁၅ရက်နေ့အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ကျင်းပခဲ့ပါတယ်။

အေစီဒီမှာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီး ၂၀ခု သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွေ ခွဲခြားသတ်မှတ်ထားရာမှာ အေစီဒီအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မိမိတို့စိတ်ဝင်စားမှုနဲ့ ဘာသာရပ်ကျွမ်းကျင်မှုအပေါ် အခြေခံပြီး ကဏ္ဍအလိုက် ဦးဆောင်လှုပ်ရှားသူများ (Prime Movers)အဖြစ် မိမိဆန္ဒအလျောက် တာဝန်ယူဆောင်ရွက်လျက်ရှိကြပါတယ်။ ဦးဆောင်လှုပ်ရှားသူများဟာ မိမိတို့တာဝန်ယူထားတဲ့ကဏ္ဍအလိုက် အစည်းအဝေးတွေကို အခါအားလျော်စွာ ခေါ်ယူကျင်းပပါတယ်။ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို မိမိတို့ တစ်နိုင်ငံချင်းရဲ့ စိတ်ပါဝင်စားမှုနဲ့ စိတ်ဆန္ဒအလျောက်သာ ပါဝင်ကြတာဖြစ်တဲ့အတွက် အဲဒီကဏ္ဍတွေအပေါ် ဆုံးဖြတ်ချက်ချမှတ်ရာမှာ အေစီဒီအဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ တူညီဆန္ဒရရှိဖို့ မလိုအပ်ပါဘူး။

အေစီဒီဟာ အာရှတိုက်အတွင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ လူ့စွမ်းအားမြှင့်တင်ရေးလုပ်ငန်း၊ အီလက်ထရွန်နစ်ပညာရေးနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို မြှင့်တင်သွားနိုင်ဖို့ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အဓိကပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီးတွေကတော့-

**စွမ်းအင်လုံခြုံရေး-** စွမ်းအင်လုံခြုံရေးကဏ္ဍကို တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကာဇက်စတန်၊ ကာတာနဲ့ ဘာရိန်းနိုင်ငံတို့က ဦးစီးဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပထမအကြိမ် စွမ်းအင်ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၀၅ ခုနှစ် စက်တင်ဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့ ပါတယ်။ ဆွေးနွေးပွဲမှာ စွမ်းအင်လုံခြုံရေး၊ သုတေသနနှင့် စွမ်းအင်ဆိုင်ရာ သုံးသပ်ခန့်မှန်းရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ရေနံမှရရှိတဲ့ ဝင်ငွေနဲ့ ပြန်လည်ရင်းနှီးမြှုပ်နှံရေးစတဲ့ကိစ္စတွေဆောင်ရွက်ဖို့ စွမ်းအင်ဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရေးဆွဲချမှတ်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ကို တာဝန်ပေးအပ်ထားပါတယ်။

**ဘဏ္ဍာရေး-**ဘဏ္ဍာရေးကဏ္ဍကို ထိုင်းနိုင်ငံက ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ စွမ်းအင်(ရေနံ၊ သဘာဝဓာတ်ငွေ့)မှရရှိတဲ့ ဝင်ငွေ၊ အထူးသဖြင့် စွမ်းအင်တင်ပို့ရောင်းချတဲ့နိုင်ငံတွေအနေနဲ့ အေစီဒီ အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံကြရန်၊ အာရှငွေချေးစာချုပ်ဈေးကွက်(Asia Bond Markets)ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် အာရှတိုက်ရဲ့ ငွေကြေးဈေးကွက် တည်ငြိမ်မှုရရှိစေပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

**လယ်ယာစိုက်ပျိုးရေး-**တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့က ဦးဆောင်လှုပ်ရှားလျက်ရှိပါတယ်။ လယ်ယာမူဝါဒများဖလှယ်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးမှုနည်းလမ်းသစ်များလွှဲပြောင်းပေးရေး၊ လယ်ယာကဏ္ဍအစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လယ်သမားများအား စိုက်ပျိုးရေးနည်းပညာဖြန့်ဝေရေးတို့ကို ဆောင်ရွက်ရန်အတွက် အဆိုပြုချက်တွေကို တရုတ်နိုင်ငံက တင်ပြထားပါတယ်။ အေစီဒီနိုင်ငံများအကြား လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုမြှင့်တင်ကြဖို့လည်း နှိုးဆော်ထားပါတယ်။ လယ်ယာကဏ္ဍစီမံကိန်းများအတွက် အေစီဒီဘောင်အတွင်းမှ ငွေကြေးအကူအညီ အထောက်အပံ့များရယူနိုင်မယ့်နည်းလမ်းတွေကို ရှာကြံအသုံးချသွားဖို့လည်း တိုက်တွန်းထားပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံအနေနဲ့ ကမ္ဘာ့စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးဆိုင်ရာ စီမံကိန်းတွေအတွက် ဆော်ဒီအာရေဗျရန်ပုံငွေတစ်ရပ်ကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ကျော်နဲ့ မတည်ထူထောင်သွားမယ်လို့ ၂၀၀၈ခုနှစ်အတွင်း ကာဇက်စတန်နိုင်ငံမှာကျင်းပခဲ့တဲ့ သတ္တမအကြိမ် အေစီဒီနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ ထုတ်ဖော်ကြေညာခဲ့ပါတယ်။

**ခရီးသွားလုပ်ငန်း-**ကမ္ဘောဒီးယား၊ မြန်မာ၊ ပါကစ္စတန်နဲ့ ထိုင်းနိုင်ငံတို့က ဦးဆောင်လှုပ်ရှားလျက်ရှိပါတယ်။ ခရီးသွားကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းပြမြေပုံတစ်ရပ်ရေးဆွဲထားရှိပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းထားပါတယ်။ လမ်းပြမြေပုံအရ အာရှတိုက်အတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ ကမ္ဘာ့လှည့်ခရီးသွားများလုံခြုံရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။

**အီလက်ထရွန်နစ်ပညာရေး-**မလေးရှားနိုင်ငံက တာဝန်ယူပြီး ဦးဆောင်လှုပ်ရှားလျက်ရှိပါတယ်။ အာရှတိုက်နိုင်ငံများအကြား လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု အဆင့်ကွာဟချက် ကျဉ်းမြောင်းလာစေရေးနဲ့ အဆင့်မြင့်ပညာကို ကျောင်းသားတိုင်း လက်လှမ်းမီရေးတို့ကို ဦးတည်ရည်ရွယ်ပြီး ကွာလာလမ်ပူမြို့မှာ အာရှအီလက်ထရွန်နစ်ပညာရေးတက္ကသိုလ် (Asia e-University) တစ်ခုကို မလေးရှားရင်းဂစ် သန်း ၁၀၀ အကုန်အကျခံပြီး ၂၀၀၈ခုနှစ် စက်တင်ဘာလက စတင်ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ အဲဒီ တက္ကသိုလ်ရဲ့ ဘွဲ့လွန်သင်တန်းတွေမှာ ယခုအခါ သင်တန်းသား ၆၀ကျော် စာရင်းပေးသွင်း တက်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။

**ပတ်ဝန်းကျင်ထိန်းသိမ်းမှုပညာရေး-** ဂျပန်နိုင်ငံကဦးဆောင်လှုပ်ရှားလျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ UN Decade of Education for Sustainable Development ကို အကောင်အထည်ဖော်တဲ့အနေနဲ့ တတိယအကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေး ဆွေးနွေးပွဲကို ဂျပန်နိုင်ငံမှာ ၂၀၀၆ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့ပါတယ်။

**သတင်းအချက်အလက်နည်းပညာ-** တောင်ကိုရီးယားနိုင်ငံက ဦးဆောင်လှုပ်ရှားလျက်ရှိရာမှာ အေစီဒီ အဖွဲ့ဝင်နိုင်ငံများရဲ့ IT နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နဲ့ အေစီဒီနိုင်ငံများအချင်းချင်း IT နည်းပညာကွာဟချက် ကျဉ်းမြောင်းလာစေဖို့အတွက် ကိုရီးယားနိုင်ငံရဲ့ဆောင်ရွက်ချက်တွေမှာ အေစီဒီအဖွဲ့ဝင်နိုင်ငံများက ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းထားပါတယ်။

**သဘာဝဘေးအန္တရာယ်တားဆီးရေး-** ရုရှားနိုင်ငံဟာ အေစီဒီအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက်ပိုင်း သဘာဝဘေးအန္တရာယ်တားဆီးရေးကဏ္ဍကို တာဝန်ယူထားပြီး ACD Cooperation in Early Warning and Emergency Relief Concept Paper တစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

**ဆင်းရဲနွမ်းပါးမှုပပျောက်ရေး-** ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကိစ္စများကို ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဦးဆောင်လှုပ်ရှားလျက်ရှိရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုရေးလုပ်ငန်းများ၊ အထူးသဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံကောင်းများ ဖလှယ်သွားရန်၊ ရန်ပုံငွေ စုဆောင်းရှာဖွေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းထားပါတယ်။ အထူးသဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ရည်မှန်းချက်များမှာပါရှိတဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို ဦးတည်ချက်ထားရှိပါတယ်။

**လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး-** ဗီယက်နမ်နိုင်ငံက တာဝန်ယူထားပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံနှင့်နည်းနာများ ဖလှယ်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး ဆက်နွယ်နေမှုကို အသိအမှတ်ပြု ဆောင်ရွက်သွားကြရန်၊ ယင်းအတွက် ဗီယက်နမ်နိုင်ငံမှ အဆိုပြုတင်ပြထားသည့် Community Vocational Training Centres for Human Resource Development ကို ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ရန် တင်ပြထားပါတယ်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများ(SMEs)ဖွံ့ဖြိုးတိုးတက်ရေး-** စင်ကာပူနဲ့ သီရိလင်္ကာနိုင်ငံတို့မှ ဦးဆောင်သူများအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ SME လုပ်ငန်းနဲ့သက်ဆိုင်တဲ့ လုပ်ငန်းဌာနများအချင်းချင်း အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် အကောင်းဆုံးသော လုပ်ဆောင်ချက်များ အပြန်အလှန် မျှဝေခြင်းဖြင့် SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများနှင့် နည်းဗျူဟာများရေးဆွဲချမှတ်လျက် အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးဖို့ ရည်ရွယ်ပါတယ်။

အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ အေစီဒီ စတင်တည်ထောင်ဖွဲ့စည်းခဲ့တဲ့ နိုင်ငံ ၁၈နိုင်ငံမှာ ပါဝင်ခဲ့ပါတယ်။

အေစီဒီရဲ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီး ၂၀အနက် မြန်မာနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍမှာ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့နဲ့အတူ ပူးတွဲဦးဆောင်သူအဖြစ် ဆောင်ရွက်လျက်ရှိပြီး သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အိန္ဒိယနိုင်ငံနဲ့အတူ ပူးတွဲဦးဆောင်သူအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။

၁၉၉၇ခုနှစ်မှာ အာရှငွေကြေးအကျပ်အတည်း ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဆက်တိုက်ပေါ်ပေါက်လာခဲ့တဲ့ ရိုက်ခတ်မှုတွေကနေ အာရှဒေသခေါင်းဆောင်တွေဟာ သင်ခန်းစာတစ်ရပ် ရရှိခဲ့ကြပါတယ်။ အဲဒီသင်ခန်းစာကတော့ အာရှဒေသရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခက်အခဲ အကျပ်အတည်းတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေအကြား ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်သွားဖို့ လိုအပ်လာပြီဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အဲဒီအချက်ကပဲ အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာစေဖို့ တွန်းအားပေးခဲ့တာဖြစ်ပါတယ်။

၂၀၀၂ခုနှစ်မှာ အဖွဲ့ဝင် ၁၈နိုင်ငံနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)ဟာ တစ်နှစ်ထက်တစ်နှစ် အဖွဲ့ဝင်နိုင်ငံတွေ တိုးတက်များပြားလာခဲ့ရာမှာ သက်တမ်း(၈)နှစ်အတွင်း အဖွဲ့ဝင် ၃၁နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းလာနိုင်ခဲ့ပါတယ်။ အေစီဒီအဖွဲ့ဝင်နိုင်ငံတွေကိုကြည့်ရင် အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံ၊ တောင်အာရှဒေသက ၅နိုင်ငံ၊ အာရှအနောက်ဘက်ခြမ်းနဲ့ အရှေ့အလယ်ပိုင်းဒေသမှ ၁၁နိုင်ငံနဲ့ အရှေ့မြောက်အာရှဒေသက ၅နိုင်ငံတို့ ပါဝင်လျက်ရှိတဲ့အတွက် အာရှတိုက်ရဲ့ ဒေသခွဲစုံပါဝင်တဲ့ အကျယ်ပြန့်ဆုံး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲတစ်ခုဖြစ်တာကိုတွေ့မြင်နိုင်ပါတယ်။

အေစီဒီဆွေးနွေးပွဲဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား စီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမှာ ကျယ်ပြန့်စွာဖော်ဆောင်သွားခြင်းအားဖြင့် အဖွဲ့ဝင်အာရှနိုင်ငံအချင်းချင်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ပြီး အာရှအသိုက်အဝန်းတစ်ရပ် တည်ထောင်သွားနိုင်ဖို့အထိ ရည်မှန်းထားရှိပါတယ်။ ဒီရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ အပြုသဘောဆောင်သောအမြင်ထားရှိမှု၊ ပွင့်လင်းမှုရှိပြီး အားလုံးပါဝင်နိုင်မှု၊ အလွတ်သဘောဆောင်မှုနဲ့ ဖြည်းဖြည်းမှန်မှန်ဆောင်ရွက်မှုတွေကို လုပ်ငန်းအခြေခံမှုများအဖြစ် သတ်မှတ်ထားရှိပါတယ်။

အေစီဒီမှာ လက်ရှိအားဖြင့် အာရှတိုက်က နိုင်ငံတွေအားလုံး ပါဝင်လာခြင်းမရှိသေးပေမယ့် အာဆီယံအဖွဲ့ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ စတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအရ အင်အားကြီးနိုင်ငံတွေပါဝင်နေတဲ့အတွက်ရယ်၊ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံနှစ်ပုံကို ကိုယ်စားပြုနေတယ်ဆိုတဲ့ အချက်တွေကိုကြည့်ရင် အေစီဒီဟာ အာရှတိုက်အတွက်သာမကဘဲ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါတဲ့ ဆွေးနွေးပွဲတစ်ခုဆိုတာ ထင်ရှားပါတယ်။ တစ်နည်းအားဖြင့် အေစီဒီဟာ အာရှဒေသခေါင်းဆောင်များရဲ့မျှော်မှန်းချက်တွေကို လက်တွေ့အကောင်အထည်ပေါ်လာစေမယ့် ဆွေးနွေးပွဲတစ်ရပ် ဖြစ်ပါတယ်။

အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ ကမ္ဘာ့နိုင်ငံများအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ အေစီဒီအဖွဲ့ကြီး စတင်ဖွဲ့စည်းတည်ထောင်တဲ့ အဖွဲ့ဝင်နိုင်ငံ(Founding Member Country) ဖြစ်တာနဲ့အညီ အေစီဒီအစည်းအဝေးများမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အေစီဒီဆွေးနွေးမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများမှာ ဆက်လက်ပါဝင်သွားခြင်းအားဖြင့် နိုင်ငံတော်အတွက် အကျိုးရှိမယ့်ကဏ္ဍတွေမှာ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖော်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အလားတူ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံရဲ့ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍကိုလည်း ပိုမိုမြှင့်တင်သွားနိုင်မှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ အီရန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီ ခေါင်းဆောင်သည့် အီရန်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ရက်မှ ၁၇ရက်အထိ ပြည်ထောင်စု မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်ခဲ့ကြသည်။

## သွားရောက်တွေ့ဆုံ

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီသည် ဇွန် ၁၆ရက် နံနက် ၁၁နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား နေပြည်တော်ရှိ ဝန်ကြီး၏ညှိ့ခန်းမသို့ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ရေနံနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး မွန်းလွဲ ၂နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဝန်ကြီး၏ ညှိ့ခန်းမသို့ သွားရောက်တွေ့ဆုံခဲ့သည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီ ခေါင်းဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

## အမြင်ချင်းဖလှယ်

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီ ခေါင်းဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့တို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကိုကျင်းပကာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှု စသည့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရေး ကိစ္စများနှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

## စာချွန်လွှာလက်မှတ်ရေးထိုး

နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီတို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများ ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က အီရန် ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ အမရာဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

## အကျိုးတူပူးပေါင်းဆောင်ရွက်

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီဖာသိုလာဟီ ခေါင်းဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၇ရက်တွင် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြပြီး ရန်ကုန်မြို့၌ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အသင်းချုပ်၏ရုံးခန်း၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ရေးအပါအဝင် စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## သွားရောက်လေ့လာ

အီရန် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)နှင့် ရန်ကုန်မြို့ရှိ ရှီးယိုက်မွတ်စလင် ဗလီဝတ်ပြုကျောင်းတို့သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

## ပို့ဆောင်နှုတ်ဆက်

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် လူနေအိမ်များ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုများ၊ ကားလမ်းနှင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

## အဆိုပါလုပ်ငန်းများ၌ နိုင်ငံတော်၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ NGO အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးနေ

**နေပြည်တော် ဇွန် ၁၇**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဇွန် ၁၃ရက်၊ ၁၄ရက်နှင့် ၁၅ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်း ပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ အဆောက်အအုံများ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ကနဦးသတင်းများကို ဇွန် ၁၇ရက်ထုတ် သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် မိုးရေချိန်များအနေဖြင့် ဘူးသီးတောင်မြို့နယ်၌ ဇွန် ၁၃ရက်က မိုးရေချိန် ၄ ဒသမ ၃ လက်မ၊ ဇွန် ၁၄ရက်က ၈ လက်မ၊ မောင်တောမြို့နယ်၌ ဇွန် ၁၃ရက်က ၃ ဒသမ ၉၈ လက်မ၊ ဇွန် ၁၄ရက်က ၄ ဒသမ ၀၂ လက်မ၊ ဇွန် ၁၅ရက်က ၁၃ ဒသမ ၄၇ လက်မ၊ စစ်တွေမြို့၌ ဇွန် ၁၅ရက်က ၅ ဒသမ ၇၅ လက်မတို့အထိ သည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းပြီး တံတားပျက်စီးမှု၊ မြေပြိုမှုများကြောင့် ဇွန် ၁၅ရက်က စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ အမ်း၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ ထွက်ခွာမည့် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ခရီးစဉ် ရပ်ဆိုင်းထားရကြောင်း သိရှိရသည်။

## လေပြင်းတိုက်ခတ်

ဇွန် ၁၅ရက်က မင်းပြားမြို့နယ် ဆပ်ကြားကျေးရွာအုပ်စု မွတ်ဆလင်တန်းဆိပ်ရွာ၌ ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၅လုံး၊ စာသင်ကျောင်း တစ်ကျောင်း ပြိုလဲပျက်စီးပြီး လူနေအိမ် ၁၄လုံးနှင့် ဗလီကျောင်း တစ်ကျောင်းတို့မှာ ခေါင်မိုးများ ပျက်စီးသွားကြောင်း၊ လေဘေးဒုက္ခသည် အမျိုးသား ၁၀၂ဦး၊ အမျိုးသမီး ၉၂ဦး စုစုပေါင်း ၁၉၄ဦးတို့အား သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် ရဲတပ်ဖွဲ့တို့၏ အစီအစဉ်ဖြင့် နီးစပ်ရာ ကျေးရွာများရှိ ဗလီကျောင်းများနှင့် ဆွေမျိုးသားချင်း နေအိမ်များ၌ ခေတ္တနေထိုင်နိုင်အောင် စီစဉ်ပေးထားကြောင်း။

## ရေတိုက်စား

ထို့အပြင် မင်းပြားနှင့် မြေပုံမြို့နယ်အကြားရှိ ကြာအင်းတောင်ကျေးရွာအနီး အရှည် ၁၅ပေခန့်ရှိ သစ်သားတံတား ရေတိုက်စား ပြိုကျပျက်စီးခဲ့ကြောင်း၊ ခေါင်းလောင်းချောင်းကျေးရွာအနီး၌ အမျိုးသား တစ်ဦးနှင့် ကျွဲ ၁၀ကောင် မိုးကြိုးထိမှန်သေဆုံးခဲ့ကြောင်း။

## ရေလွှမ်းမိုး

အလားတူ ဇွန် ၁၅ရက်က ဘူးသီးတောင်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များ အပါအဝင် ကျေးရွာအချို့တို့၌ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ပြိုကျသဖြင့် အမှတ်(၅)ရပ်ကွက် ဟန်မလာကျေးရွာ၊ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ကျောက်ရွက်ပြင် တိုးချဲ့ကျေးရွာနှင့် ကကျာဘက်ပြင်ကျေးရွာအုပ်စုတို့မှ အမျိုးသား ၁၃ဦး၊ အမျိုးသမီး ၁၈ဦး စုစုပေါင်း ၃၁ဦး သေဆုံးခဲ့ကြောင်း၊ မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် မြို့ပေါ်ရပ်ကွက် မြေနိမ့်ပိုင်းများတွင် ရေ ငါးပေခန့်၊ ကုန်းမြင့်နေရာများတွင် ရေ လေးပေခန့်အထိ မြင့်တက်လျက်ရှိပြီး ကျန်ကျေးရွာများနှင့် အဆက်အသွယ် ပြတ်တောက်လျက်ရှိကြောင်း၊ ဘူးသီးတောင် - မောင်တော ကားလမ်းမှာလည်း မြေပြိုကျမှုကြောင့် သွားလာမှု ပြတ်တောက်လျက်ရှိကြောင်း၊ ရေလွှမ်းမိုးခံရသည့် အိမ်ထောင်စု ၄၆ စု၊ လူဦးရေ ၂၁၄ဦးတို့အား သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် နယ်မြေခံတပ်ရင်းတို့၏ အစီအစဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မြို့ပေါ် ဘုန်းကြီးကျောင်းများနှင့် အခြေခံပညာ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများသို့ ခေတ္တပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း။

## မိုးသည်းထန်

မောင်တောမြို့နယ်၌လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးစာကြူးကျေးရွာအုပ်စု မန်းပြားကျေးရွာ၌ မြေပြိုကျပြီး နေအိမ်တစ်လုံး ပျက်စီးကာ အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း လေးဦး သေဆုံးခဲ့ပြီး အမျိုးသမီး တစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် ကြိမ်ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မောင်တောမြို့ အမှတ် (၂)ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်များ၌ ရေအမြင့် လေးပေခွဲအထိ မြင့်တက်ခဲ့သည့်အတွက် ၄င်းရပ်ကွက်များမှ အိမ်ထောင်စု ၂၅၂စု၊ လူဦးရေ ၁၈၆၅ ဦးတို့အား အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းစုရပ်များတွင် ယာယီနေရာချထားပေးခဲ့ကြောင်း၊ မြေပြိုကျမှုကြောင့် ရေမျက်တောင်၊ ကိုးတောင်၊ ဇီးပင်ချောင်း၊ ဇာတာဇာလီ၊ ဒုံးပိုက်၊ ပိပြား၊ ကျွန်းပေါက်ကျေးရွာတို့မှ အမျိုးသား ၁၂ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း လူ ၂၀သေဆုံးခဲ့ပြီး ဒုံးပိုက်၊ ကိုးတောင်ကျေးရွာတို့မှ စုစုပေါင်း လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မောင်တောမှ နယ်စပ်သွား ကားလမ်းပေါ်ရှိ အရှည်ပေ ၆၀၊ အကျယ် ၁၆ပေရှိ ၃မိုင်တံတားသစ် ရေမျောပါ ပျက်စီးခဲ့သည့်အပြင် မောင်တော-ဘူးသီးတောင် ကားလမ်းရှိ လိုဏ်ဂူကြီး မြေပြိုကျပြီး ကားလမ်းပေ ၆၀၀ခန့် တောင်ပြို ပိတ်ဆို့ခဲ့ကြောင်း၊ မောင်တော-ကြိမ်ချောင်းလမ်းနှင့် မောင်တော-အလယ်သံကျော်လမ်းများတွင် တံတားများ ရေစီးနောက်မျောပါခြင်း၊ လမ်းကို ရေကျော်တိုက်စားခြင်းနှင့် ရေပြွန်များပွင့်ထွက်မျောပါခြင်းတို့ကြောင့် သွားလာရေး ပြတ်တောက်လျက်ရှိကြောင်း။

အလားတူ ပုဏ္ဏားကျွန်းမြို့နယ်၌ ဇွန် ၁၅ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေ တိုက်စားမှုကြောင့် ပန်းနီလာနှင့် ကြံခင်းကျေးရွာအကြား အရှည်ပေ ၂၀ခန့်ရှိ သံကူကွန်ကရစ် တံတားပျက်စီးသွားပြီး တံတားနှင့် ဆက်စပ်နေသည့်အဝေးပြေး ကတ္တရာလမ်းမ မြေသား ၁၀ပေခန့်လည်း ပြိုကျပျက်စီးသွားခဲ့ကြောင်း၊ ကျောက်တော်မြို့နယ် ကန်စောက်ကျေးရွာ ကန်စောက်တောင်အနီးရှိ အဝေးပြေးလမ်းမမှာလည်း တောင်ကျရေ တိုက်စားမှုကြောင့် ကားလမ်း ၁၀ပေခန့် ပျက်စီးသွားခဲ့ကြောင်း။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် စစ်တွေ၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့များရှိ နယ်မြေခံတပ်များ၌လည်း တပ်မတော်သားတစ်ဦး သေဆုံးပြီး အဆောက်အအုံပေါင်း ၈၀ခန့် ပျက်စီးခဲ့ကြောင်းနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။



ရခိုင်ပြည်နယ်အတွင်း ဒေသအချို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် နိုင်ငံတော်၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ NGO အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးစဉ်။ (သတင်းစဉ်)

## ပြန်လည်ပို့ဆောင်

သို့သော် ဇွန် ၁၅ရက် ညနေပိုင်းက မိုးရွာသွန်းမှု ရပ်တန့်သွားခဲ့ပြီး ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်းနှင့် ရေဘေးဒုက္ခသည်အချို့အား မူရင်းနေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးပြီး ဖြစ်ကြောင်း သိရှိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်တွေ - ပုဏ္ဏားကျွန်း - ယိုးတရုတ် ရထားလမ်းပိုင်း၌ မြေသားတစ်ခြမ်း ပဲ့ကျမှု၊ မြေပြိုမှု၊ မြေသားဖုံးလွှမ်းမှု၊ တာပေါင်ပွင့်ထွက်မှုအချို့ ဖြစ်ပွားခဲ့ရာ ယခုအခါ သက်ဆိုင်ရာက ရထားလမ်းပိုင်း ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဘူးသီးတောင် - မောင်တောသွား ကားလမ်းကိုလည်း ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် ဘေးလွတ်ရာ နေရာများသို့ ယာယီရွှေ့ပြောင်းနေရာချထားပေးခြင်း၊ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ခြင်း၊ ထမင်းထုပ်များ ဝေငှခြင်း၊ ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ NGO အဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူများက ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးလျက် ရှိကြကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများအဖြစ် ဆန်အိတ်များ၊ ဟင်းသီးဟင်းရွက်နှင့် သားငါးများ၊ သောက်သုံးရေများ၊ အသင့်စား ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ ကြက်သွန်နီ၊ စားအုန်းဆီ၊ ကြက်ဥ၊ အာလူး၊ ဘီစကွတ်မုန့်၊ စောင်၊ ခြင်ထောင်၊ ထီး၊ အဝတ်အထည် စသည်များ ပါဝင်ကြောင်း၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ယာယီကျန်းမာရေးစောင့်ရှောက်ရေးရုံများ ဖွင့်လှစ်ထားရှိပြီး သဘာဝဘေးဒဏ်သင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း၊ ဒေသအာဏာပိုင်နှင့် ဌာနဆိုင်ရာများကလည်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များသို့ ပစ္စည်းခြောက်မျိုးပါ ကယ်ဆယ်ရေးပစ္စည်း ၂၉၈ယူနစ်၊ မင်းပြားမြို့နယ်သို့ ပစ္စည်းခြောက်မျိုးပါ ကယ်ဆယ်ရေးပစ္စည်း ၁၀၀ယူနစ်နှင့် ဆန်၊ ဆေးဝါးများ ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။

## ကယ်ဆယ်ရေး

နိုင်ငံတော်က ဖွဲ့စည်းထားပြီးဖြစ်သည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ဦးဆောင်ပြီး ပို့ဆောင်ရေး၊ ပြည်ထဲရေး၊ ဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းစေလွှတ်ပြီး သဘာဝဘေး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျာမနီတို့ ဆားဗီးယားအပေါ် နိုင်ပွဲယူသွားဦးမှာလား
# အယ်လ်ဂျီးရီးယားအပေါ် အမှတ်ပြည့်ယူဖို့ ကြိုးစားရမည့် အင်္ဂလန်

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၁၇

**မထင်မှတ်သည့်ရလဒ်များ ထွက်ပေါ်တတ်လေ့ရှိသည့် ကမ္ဘာ့ဖလားပွဲများအတိုင်း ၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌လည်း အံ့အားသင့်စရာ ရလဒ်များထွက်ပေါ်လျက်ရှိသည်။ ထိပ်တန်းအသင်းကြီးများ ထင်တိုင်းမပေါက်ဖြစ်နေသလို မျှော်လင့်မထားသည့်အသင်းများ ရလဒ်ကောင်းနေရာ ရင်ခုန်စရာကောင်းသော ပွဲများဖြစ်နေသည်။ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ဇွန် ၁၈ရက် (ယနေ့) ၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပွဲစဉ်(၂၁)အဖြစ် ဂျာမနီနှင့် ဆားဗီးယား၊ ပွဲစဉ် (၂၂)အဖြစ် ဆလိုဗေးနီးယားနှင့် အမေရိကန်၊ ပွဲစဉ် (၂၃)အဖြစ် အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

## ဂျာမနီနှင့် ဆားဗီးယား

အုပ်စု(ဃ)မှ အသင်းများဖြစ်ပြီး ဂျာမနီတို့ ပွဲဦးထွက်၌ ဩစတြေးလျကို လေးဂိုးပြတ်ဖြင့်နိုင်ပွဲရထားသည်။ အုပ်စု(ဃ)၌ တစ်ပွဲနိုင်သုံးမှတ်၊ သွင်းဂိုး လေးဂိုးဖြင့် ထိပ်ဆုံး၌ ရပ်တည်နေသည်။ ဆားဗီးယားတို့က ပွဲဦးထွက်၌ ဂါနာကိုတစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားရာ ယခုပွဲ ဂျာမနီနှင့် လာဆုံခြင်းသည် ကံဆိုးသည်ဟု ဆိုရမည်ဖြစ်သည်။ ဂျာမနီတို့တိုက်စစ်ကမြင့်သည်။ လူစုံဂိုးသွင်းနိုင်ကြသည်။ အထူးသဖြင့် ဘောလက်အစား အရေးပေါ်ခေါ်ယူခဲ့သော အသက်(၂၀)အရွယ် လူငယ်တိုက်စစ်မှူး မူလာက ခြေပေါ်အောင်ကစားနိုင်သည်။ ဘောလုံးကြောလည်းနပ်သည်။ ဂိုးလည်းသွင်းနိုင်ရာ ဂျာမနီအတွက် အားထားစရာ



ဂျာမနီ နိုင်ပွဲရရေး မူလာ စွမ်းဆောင်ပေးဦးမှာလား။

ဖြစ်သည်။ အသက်အရွယ်ရလာသော ကလိုဆေးနှင့် ပိုဒေါစကီးတို့ ဝိုင်းရံမှုဖြင့် မူလာ လွတ်လပ်စွာ လှုပ်ရှားနိုင်သဖြင့် ဂျာမနီတို့ ဂိုးများရရှိခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျကို အနိုင်ယူခဲ့သည့် ကစားသမားစာရင်းကို အနည်းငယ်ပြောင်းလဲသည်မှလွဲပြီး ပြန်လည်ပွဲထွက်လာဖွယ်ရှိနေသည်။

ဂါနာကို ရှုံးထားသဖြင့် အမှတ်လိုအပ်နေသော ဆားဗီးယားတို့ ယခုပွဲ၌ တိုက်စစ်ဖွင့်ကစားမည်ဖြစ်သည်။ ဇီဒစ်ဦးဆောင်သော ခံစစ်မှူးများက ဂျာမနီတိုက်စစ်မှူးများကို နိုင်နင်းစွာထိန်းထားနိုင်ရန် မလွယ်ချေ။ ဂျာမနီကွင်းလယ်နှင့် တိုက်စစ်က အားကောင်းသည်ဖြစ်ရာ ဆားဗီးယားတို့စုဖွဲ့မှုကောင်းမှဖြစ်မည်။ ဂျာမနီကို တိုက်စစ်၊ ခံစစ်မျှအောင် ထိန်းကစားနိုင်လျှင် အမှတ်ရဖို့မျှော်လင့်နိုင်သည်။ ဆားဗီးယားတိုက်စစ်တွင် ဂိုးသွင်းအားကောင်းသည့် ဇီဂစ်၊ လာဇိုဗစ်နှင့် ဂျိုဗာနိုဗစ်တို့ ရှိနေသည်။ သို့သော် အဆုံးသတ်သေချာမှု မရှိချေ။ ဆားဗီးယားတို့က မြန်နှုန်းမြင့် ကစားနိုင်ပြီး တွန်းတွန်းတိုက်တိုက်လည်း ဝင်ထွက် ထိုးဖောက်နိုင်ကြသည်ဖြစ်ရာ ဂျာမနီတို့ ကစားကွက်တည်မရအောင် မွှေနှောက်နိုင်လျှင် အမှတ်ရရေး အိပ်မက် ရှင်သန်နိုင်မည်။ သို့သော် ဂျာမနီတို့က ရှေ့၊ လယ်၊ နောက်ညီညွတ်ပြီး စိတ်ဓာတ်တက်ကြွနေမှုက နိုင်ပွဲရလဒ်ကို ဖန်တီးနိုင်မည်ဟု ယူဆရသည်။

## ဆလိုဗေးနီးယားနှင့် အမေရိကန်

အုပ်စု(ဂ)မှ ဆလိုဗေးနီးယားတို့ ပွဲဦးထွက်၌ အယ်လ်ဂျီးရီးယားကို တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရထားပြီး သုံးမှတ်ရရှိနေသည်။ အမေရိကန်တို့က အဖွင့်ပွဲ၌ အင်္ဂလန်ကို တစ်ဂိုးစီ သရေကစားထားသဖြင့် တစ်မှတ်သာရရှိနေသည်။ ဆလိုဗေးနီးယားနှင့် အမေရိကန်တို့ ယခင်က မဆုံခဲ့ဘူးချေ။ ယခု ပထမဆုံးယှဉ်ပြိုင်ရမည့်ပွဲဖြစ်ရာ အကြိတ်အနယ်ရှိမည်မှာ



အမေရိကန်အတွက် ဒိုနိုဗန် ဂိုးသွင်းပေးနိုင်မလား။

သေချာသည်။ အမေရိကန်တို့က နောက်တစ်ဆင့်တက်ရေးအတွက် အနိုင်ရလဒ်လိုအပ်နေသည်။ သို့သော် ချာရန်ဒိုလိုနှင့် ဒီမီရစ်တို့ ပွဲပယ်ခံထားရသည်။ ဒိုနိုဗင် ဦးဆောင်သည့် အမေရိကန်တို့ ဆလိုဗေးနီးယားကို ခြေရည်တူကစားနိုင်သည့် အနေအထားရှိသည်။ အမေရိကန်တို့ ဥရောပအသင်းများနှင့်ကစားတိုင်းနိုင်ပွဲရမှု ခဲယဉ်းသည်။ ပြီးခဲ့သည့် ခြောက်ပွဲ၌ ဥရောပအသင်းများနှင့် ကစားခဲ့ရာ လေးပွဲရှုံးခဲ့သည်။ တစ်ပွဲသရေ၊ တစ်ပွဲနိုင် ရလဒ်သာရခဲ့သည်။ သို့သော် လက်ရှိအမေရိကန်အသင်းမှာ နည်းစနစ်ပိုင်း တိုးတက်လာပြီး ကစားသမား တစ်ဦးချင်းစွမ်းရည်လည်း မြင့်တက်လာရာ ဆလိုဗေးနီးယားတို့ ထင်တိုင်းကစား၍ရမည် မဟုတ်ချေ။

ဆလိုဗေးနီးယား အသင်းသည် အယ်လ်ဂျီးယားနှင့် တစ်ပွဲကစားပြီးချိန်၌ ဒဏ်ရာရ၊ ပွဲပယ်ကစားသမားမရှိချေ။ ကမ္ဘာ့ဖလားပွဲသမိုင်း၌ ဆလိုဗေးနီးယားအသင်း ပထမဆုံး ခြေစစ်ပွဲအောင်ပြီး ကနဦးပွဲ၌လည်း နိုင်ပွဲရရှိထားသဖြင့် ကစားသမားများ စိတ်ဓာတ်တက်ကြွနေသည်။ အမေရိကန်ကို အနိုင်ကစားနိုင်လျှင် ၁၆ သင်း အဆင့်တက်ရောက်နိုင်မည့် အခွင့်အရေး ရနိုင်မည်ဖြစ်ရာ ခြေကုန်ဖွင့်ကစားမည်မှာ သေချာသည်။ ဆလိုဗေးနီးယားတို့ နောက်ဆုံးကစားခဲ့သည့် ဘောလုံးပွဲရှစ်ပွဲတွင် စက်တင်ဘာလက အင်္ဂလန်ကို ရှုံးခဲ့သည့်ပွဲမှလွဲပြီး ကျန်ခုနစ်ပွဲ၌ နိုင်ပွဲချည်းရရှိထားမှုကိုကြည့်လျှင်ဆလိုဗေးနီးယားတို့ ခြေစွမ်းက သာမန်မဟုတ်ချေ။ တိုက်စစ်မှူး နိုဗာကိုဗစ်ကို ထည့်သုံးလျှင် ဆလိုဗေးနီးယားတို့ အခြေအနေကောင်းနိုင်သည်။ ယခုပွဲ၌ ဆလိုဗေးနီးယားနှင့် အမေရိကန်တို့ အမှတ်ပြည့်ရရန်အတွက် ချိန်ခွင်လျှာ ညီမျှနေသည်။

## အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယား

အုပ်စု(ဂ)မှ အင်္ဂလန်တို့ အမေရိကန်နှင့်တစ်ဂိုးစီသရေကျပြီး တစ်မှတ်ရရှိထားသည်။ အယ်လ်ဂျီးရီးယားတို့က ဆလိုဗေးနီးယားကို ရှုံးထားသဖြင့် အမှတ်လိုအပ်နေသည်။ အင်္ဂလန်တို့က နောက်တစ်ဆင့်တက်ရေးအတွက် ယခုပွဲရလဒ်မှာ အရေးကြီးသည်။ မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်ရာ နည်းပြကာပယ်လို အစီအမံက အရေးကြီးလာသည်။ ယခုပွဲ၌ ခြေချင်းဝတ် ဒဏ်ရာသက်သာနေပြီဖြစ်သည့် ဘယ်ရီကိုထည့်ကစားမည်ဟု ကာပယ်လိုဆိုထားသည်။ နောက်ခံလူ ကင်းလည်း ဒဏ်ရာကြောင့် ပါဝင်ရန်မသေချာ။ အမေရိကန်နှင့်ပွဲ၌ ထည့်သုံးခဲ့သည့် ဂိုးသမားရောဘတ်ဂရင်းကိုလည်း ထည့်သုံးသင့် မသုံးသင့် ချင့်ချိန်ရမည်။ ရွန်နေတွဲရန် ဟက်စကီးကိုပြောင်းလဲရန်လည်း စီစဉ်နေ



အင်္ဂလန်အတွက် ဂိုးသွင်းရန် လိုအပ်နေသည့် ရွန်နေ။

သည်။ ပြီးခဲ့သည့် စက်တင်ဘာကတည်းက အင်္ဂလန်အတွက် ဂိုးမသွင်းနိုင်ခဲ့သည့် ရွန်နေခြေစွမ်းပြနိုင်လျှင် အင်္ဂလန်ပရိသတ်တို့ အသက်ရှူချောင်နိုင်ပါသည်။ အင်္ဂလန်အသင်းသမိုင်းတွင် အာဖရိကအသင်း တစ်သင်းကို ရှုံးခဲ့ဖူးသည့် မှတ်တမ်းမရှိခဲ့။ အာဖရိကအသင်းများနှင့် စုစုပေါင်း ၁၅ပွဲ ကစားခဲ့ရာတွင် ၁၁ပွဲနိုင်ပြီး လေးပွဲသရေဖြစ်ခဲ့သည်။ ယခုပွဲသည် နည်းပြကာပယ်လို၏ (၆၄)နှစ်ပြည့် မွေးနေ့နှင့်လည်း တိုက်ဆိုင်နေသည်။ မွေးနေ့လက်ဆောင်အဖြစ် အင်္ဂလန်အသင်း နိုင်ပွဲရအောင် ကာပယ်လိုစီမံမည်ဖြစ်သည်။

အယ်လ်ဂျီးရီးယားတို့က သမိုင်း၌ ဥရောပအသင်းကို နိုင်ခဲ့ဖူးသည်မှာ ရှားရှားပါးပါးတစ်ပွဲသာရှိသည်။ သဲကန္တာရမြေခွေးများဟု ခေါ်ဝေါ်သည့် အယ်လ်ဂျီးရီးယားတို့ အင်္ဂလန်ကို အနိုင်ကစားရန် လက်ရှိအနေအထားအရ မလွယ်ချေ။ အယ်လ်ဂျီးရီးယားအသင်းမှ ယီဘာဒါ ပွဲပယ်ပြစ်ဒဏ်ခံထားရသည်မှလွဲပြီး ကျန်ကစားသမားများ ထိခိုက်ဒဏ်ရာရှိတော့ မရှိချေ။ သို့သော် တိုက်စစ်စွမ်းရည် ထက်မြက်မှုအပိုင်းမှာ အားရဖွယ်မရှိသည်ဖြစ်ရာ ပြီးခဲ့သည့် ခြောက်ပွဲကစားခဲ့ရာ၌ တစ်ဂိုးသာသွင်းယူနိုင်ခဲ့မှုက ဖော်ပြနေသည်။ ယင်းဂိုးမှာလည်း ဖိုင်ရာနီက ပယ်နယ်တီသွင်းယူခဲ့သည့်ဂိုးဖြစ်သည်။ ဘောလုံးသမားတစ်ဦးချင်း စွမ်းရည်နှင့် အသင်းလိုက်ကစားအားတို့တွင် အင်္ဂလန်ကို ခြေရည်တူကစားရန် အစွမ်းကုန်အားထုတ်ရမည်။ အင်္ဂလန်တို့ ခြေစွမ်းကလည်း အားရစရာကောင်းလှသည်မဟုတ်။ သို့သော် လက်ရှိအခြေအနေအရ သုံးမှတ်အပြည့်ရမှ ဖြစ်တော့မည်ဖြစ်ရာ အင်္ဂလန်တို့ ရလဒ်ကောင်းအောင်မည်သို့ စွမ်းဆောင်သွားမလဲကိုမူ စောင့်ကြည့်ရမည်ပင်။ ။

**ကိုးကား-အင်တာနက်**

# ဖော်လန် နှစ်ဂိုးသွင်းပြီး ဥရုဂွေးနိုင်ပွဲရ
# ဗူဗူဇီယာမှုတ်သံများ တိတ်ဆိတ်သွားခဲ့သောည

မောင်ချစ်ကြည် - ရေးသားသည်

**ကိတ်ဗ်တောင်း ဇွန် ၁၇**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၇)အဖြစ် အိမ်ရှင်တောင်အာဖရိကနှင့်ဥရုဂွေးတို့ ဇွန် ၁၇ရက်က တောင်အာဖရိကနိုင်ငံ ပရီတိုးယားမြို့ လိုတပ်စ်ဗာပီးလ်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ ဥရုဂွေးက သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့၍ အိမ်ရှင်တို့ ကမ္ဘာ့ဖလားခရီးဆက်ခွင့်မျှော်လင့်ချက် ပျက်ပြယ်မတတ်ဖြစ်ခဲ့ရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်၌ အိမ်ရှင်တောင်အာဖရိကတို့ မက္ကဆီကိုအသင်းအား သရေပွဲကစားနိုင်ခဲ့သဖြင့် စိတ်ဓာတ်တက်ကြွနေသော တောင်အာဖရိကဘောလုံးသမားများ ဥရုဂွေးကို စောစီးစွာအနိုင်ဂိုးသွင်းယူနိုင်ရေး ခြေကုန်ထုတ်ကြိုးစားခဲ့ကြသည်။ နည်းပြပရဲရားက တောင်အာဖရိကအသင်းကို ၅း၃း၂ အခင်းအကျင်းဖြင့် ကစားစေခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သည်။

## အဖွင့်ဂိုး

ဒီဂိုဖော်လန်ဦးဆောင်သော ဥရုဂွေးတိုက်စစ်မှူးများကလည်း တောင်အာဖရိကနောက်တန်းကို ထိုးဖောက်ကစားနိုင်ခဲ့ရာမှ ပွဲချိန် ၂၄ မိနစ်၌ ဒီဂိုဖော်လန် ကိုက် ၂၀ အကွာမှ လှပစွာကန်သွင်းယူခဲ့သဖြင့် ဥရုဂွေးတို့ အဖွင့်ဂိုးရရှိခဲ့သည်။ တောင်အာဖရိကတို့က ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ပထမပိုင်းဂိုးချိန်အတွင်း အကောင်အထည်မဖော်နိုင်ခဲ့ချေ။

## အစားထိုး

တောင်အာဖရိကတို့ ဒုတိယပိုင်း ပွဲချိန်အတွင်း ချေပဂိုးသွင်းယူနိုင်ရေးအတွက် လွှန်ယာနေအစား မိုရီရီကို အစားထိုး ကစားစေခဲ့သည်။ ဥရုဂွေးတို့ကလည်း ၇၁ မိနစ်၌ ဖူစီလီအစား ဖီမင်ဒက်ဇ်ကို အစားထိုးယှဉ်ပြိုင်စေခဲ့သည်။



ဥရုဂွေးတိုက်စစ်မှူး ဖော်လန်(ယာ) တောင်အာဖရိကအသင်းဘက်သို့ ဤသို့ ထိုးဖောက်ဂိုးသွင်းခဲ့သည်။

## ဒုတိယဂိုး

ဒုတိယပိုင်းတွင် တောင်အာဖရိကတို့ ကစားအားကျသလို ဖြစ်လာခဲ့သည်။ ၇၅မိနစ်၌ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်ဘောလုံး ဆွဲယူလာရာ တောင်အာဖရိကဂိုးသမားခွန်းက အဝင်ကြမ်းကြမ်းဖြင့် ဖျက်ထုတ်ခဲ့သဖြင့် ဒိုင်လူကြီးက ပယ်နယ်တီပြစ်ဒဏ်ဘော သတ်မှတ်ပေးခဲ့သည်။ ယင်းပယ်နယ်တီပေးမှုကို တောင်အာဖရိကဂိုးသမားခွန်းက မကျေနပ်ဖြစ်ခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီး ဘူဆာကာက အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။

တောင်အာဖရိကဂိုးသမား အထုတ်ခံခဲ့ရသဖြင့် နည်းပြပရဲရားက အရန်ဂိုးသမား ဂျိုးဇက်ထည့်သွင်းရန် ကွင်းလယ်ကစားသမား ပီးနာအား လူလျှော့ပေးခဲ့ရသည်။ ဥရုဂွေးတို့ ရရှိသောပယ်နယ်တီကို ဖော်လန်ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ရရှိခဲ့သည်။

## မှတ်တမ်းဝင်

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အိမ်ရှင်ဂိုးသမား အနီကတ်ပြအထုတ်ခံရမှု မှတ်တမ်းဝင်ခဲ့သဖြင့် အစားထိုး ဂိုးသမား ဂျိုးဇက်လည်း ဝင်ကစားပြီးချိန် စက္ကန့်ပိုင်းအတွင်း ဂိုးအသွင်းခံရသည့် ဂိုးသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြန်သည်။

## တတိယဂိုး

တောင်အာဖရိကအသင်း တည်ငြိမ်မှုပျက်ယွင်းနေခဲ့ရာ လေလွင့်ချိန်ပေးသည့် အချိန်အတွင်း ၉၄မိနစ်၌ ဥရုဂွေးတိုက်စစ်မှူးဆွာရက်ဇ် အနေတော် မတင်ပေးလိုက်သည့်ဘောလုံးကို ပီရေးရာက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဥရုဂွေးတို့ သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ တောင်အာဖရိကပရိသတ်တို့၏ ဗူဗူဇီယာ တူရိယာမှုတ်သံများလည်း တိတ်ဆိတ်သွားခဲ့ရသည်။ ။ **(အင်တာနက်)**



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အင်းလျားမြိုင်လမ်းနေ ကွယ်လွန်သူမိခင်ကြီး ဒေါ်မေမြင့်ဇ(ခ)ဒေါ်ဒေစီဒွေးအား ရည်စူး၍ ကျန်ရစ်သူသားသမီး မြေးမြစ်တစ်စုတို့က ဘိုးဘွားများအသုံးပြုရန် ဆေးရုံသုံးပစ္စည်းကို တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

**ရေတာရှည်မြို့နယ်ရှိ မြို့မဈေး၊ ဆွာဈေး၊ သာဂရဈေး၊ မြို့လှဈေးနှင့် ရေနီဈေးများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ညွှန်ကြားချက်၊ စီမံချက်နှင့်အညီ ဆောင်ရွက်ထားမှုအခြေအနေကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)





ဇွန် ၁၇ ရက်က ရေကြည်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသော အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်သက်ကြီး အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲတွင် အသင်းဒုတိယဥက္ကဋ္ဌ ဦးကြည်ဆန်းနှင့် အမှုဆောင်များက ရေကြည်မြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်ဦးမောင် လက်ခံယူစဉ်။ (၁၃၅)

# အာဂျင်တီးနားတိုက်စစ်မှူး ဟီဂူအင် ဟက်ထရစ်ဂိုးသွင်းယူနိုင် ဂရိတို့ မျှော်လင့်ချက် ပြန်လည်ရှင်သန်လာ

မြင့်မောင်စိုး ➤ စုစည်းရေးသားသည်

**ဂျိုဟန်နစ္စဘတ် ဇွန် ၁၇**

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဇွန် ၁၇ရက် ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အုပ်စု(ခ) ပွဲစဉ်အဖြစ် အာဂျင်တီးနား အသင်းနှင့် တောင်ကိုရီးယားအသင်းတို့သည် ဂျိုဟန်နစ္စဘတ်မြို့ ဆောကာစီးတီးကွင်းကြီး၌ယှဉ်ပြိုင်ကစားခဲ့ကြသည်။



တိုက်စစ်မှူး တီဗက်ဇ်၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။

### အားပေးကြည့်ရှု

ထိုနေ့ပြိုင်ပွဲတွင် ကမ္ဘာ့ကျော် ဘောလုံးသမားများဖြစ်သည့် မက်ဆီ၊ တီဗက်ဇ်နှင့် ဂွန်ဇာလိုဟီဂူအင်တို့ ပါဝင်ကစားသော ပွဲဖြစ်ခြင်းကြောင့် ယခင်နေ့များကထက် ပရိသတ်အဝင်များခဲ့သည်။ ပရိသတ် ၈၂၁၇၄ ဦး လာရောက်အားပေး ကြည့်ရှုခဲ့ကြသည်။

ကမ္ဘာတွင် အစောဆုံး ဘောလုံးအောင်မြင်ခဲ့သော တောင်အမေရိကတိုက်မှ အာဂျင်တီးနားအသင်းကို မကြာမီနှစ်များက ကမ္ဘာ့ဘောလုံးပြိုင်ပွဲများ အထိ အောင်မြင်လာသည့် တောင်ကိုရီးယားအသင်းက နောက်မှ လိုက်ကစားခဲ့ရသည်။ အာဂျင်တီးနား တိုက်စစ်မှူးများဖြစ်သည့် မက်ဆီနှင့် တီဗက်ဇ်တို့အတွဲကို တောင်ကိုရီးယား ခံစစ်မှူးများအနေဖြင့် မနည်းပိတ်ဆို့ ကစားခဲ့ရသည်။ ပွဲချိန် ၁၆မိနစ်တွင် မက်ဆီ တောင်ကိုရီးယား ဂိုးရှေ့သို့ အမြောက်ကန်တင်လိုက်စဉ် ပတ်ချူရန်း ခြေထောက်ကိုထိမှန်ပြီး ဂိုးဝင်သွားသဖြင့် အာဂျင်တီးနားတို့ လက်ဆောင်ဂိုး စတင်ရလိုက်သည်။

### ချေပဂိုးရရှိ

အာဂျင်တီးနား တိုက်စစ်မှူးများက ဖိကစားလာရာ ပွဲချိန် ၃၃မိနစ်တွင် ရီရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်က ခေါင်းတိုက်ဂိုးဖြင့် ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသွင်းပြီး တစ်မိနစ်အကြာ တောင်ကိုရီးယားကစားသမားလီက အာဂျင်တီးနား ခံစစ်မှူးများ လွတ်ချော်သွားသော ဘောလုံးကို အမိအရပြေးယူပြီး ကန်သွင်းလိုက်သဖြင့် ချေပဂိုးရရှိခဲ့သည်။

ဒုတိယပိုင်းတွင် အာဂျင်တီးနားတို့က ကွက်စိပ်ကစားပြီး တောင်ကိုရီးယား နောက်တန်းကို လှလှပပထိုးဖောက် ကစားခဲ့သည်။ တိုက်စစ်မှူး ဟီဂူအင်က ပွဲချိန် ၇၇ မိနစ်နှင့် မိနစ် ၈၀တို့တွင် နှစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ၂၀၁၀ ကမ္ဘာ့ဖလား၌ ပထမဆုံးသော ဟက်ထရစ် ဂိုးသွင်းသူဖြစ်လာသည်။ ၎င်းသည် ၁၉၈၈ ခုနှစ်က ဘာတစ္စတူတာပြီးနောက် ပထမဆုံး ဟက်ထရစ်ဂိုးရှင် ဖြစ်လာသည်။ အာဂျင်တီးနားတို့ ယင်းအနိုင်ပွဲကြောင့် အုပ်စု(ခ) တွင် ရမှတ်ခြောက်မှတ်ဖြင့် ၁၆ သင်းပြိုင်ပွဲသို့တက်ရန် ဟန်ပြင်နေသည်။

### အနိုင်ရရှိ

အခြားအုပ်စု(ခ) ပြိုင်ပွဲအဖြစ် ဂရိအသင်းနှင့် နိုင်ဂျီးရီးယားတို့ ဖရီးစတိတ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂရိအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ နိုင်ဂျီးရီးယားအသင်းအတွက် အဖွင့်ဂိုးကို အူချီက ပွဲချိန် ၁၆ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ ထို့နောက် နိုင်ဂျီးရီးယား ကစားသမား ကိုင်တာသည် ကြမ်းတမ်းစွာကစားခဲ့သဖြင့် နှစ်ဝါ တစ်နီဖြင့် ထွက်ခဲ့ရသည်။

ဂရိတို့ ပို၍တိုက်စစ်အား ပိုကောင်းလာသည်။ ပထမပိုင်းပွဲပြီးရန် တစ်မိနစ်အလိုတွင် ဆယ်ပင်းဒစ်က ဂရိအသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဂရိအသင်းအတွက် အနိုင်ဂိုးကို တိုရိုဆီဒစ်က ပွဲချိန် ၇၁ မိနစ်၌ သွင်းယူပေးခဲ့သဖြင့် ဂရိနည်းပြ အော်တိုရီဟာဂျယ် မျှော်လင့်ချက် ပြန်လည်ရှင်သန်လာခဲ့သည်။ ။

**ကိုးကား-အင်တာနက်**

## ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

အာကာဟိန်း - စုစည်းသည်

### အီတလီဂိုးသမား ဘတ်ဖွန်ကစားရန် မသေချာ

*ပါရာဂွေးနှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သောပွဲ၌ အီတလီပိုးသမား ဘတ်ဖွန်သည် နောက်ကျောဒဏ်ရာရရှိခဲ့ရာ ဓာတ်မှန်စစ်ဆေးမှုပြုလုပ်လျက်ရှိသဖြင့် နောက်ပွဲကစားရန် မသေချာကြောင်း အီတလီအသင်းတာဝန်ရှိသူများက ဇွန် ၁၇ ရက်၌ ပြောကြားသည်။*

### ဂိုးမရရှိခြင်းမှာ မိမိကြောင့်ဟု စီရိုနယ်ဒိုဝန်ခံ

*အိုင်ဗရီကို့စ်နှင့် ကစားခဲ့သောပွဲဦးထွက်၌ ဂိုးမရရှိခဲ့ခြင်းမှာ မိမိ၏ အားနည်းချက်ကြောင့်ဟု ခံယူထားကြောင်း၊ နောက်ပွဲများ၌ ဂိုးသွင်းနိုင်ရေးကြိုးစားသွားမည်ဟု ပေါ်တူဂီ တောင်ပံကစားသမား စီရိုနယ်ဒိုက ဇွန် ၁၇ ရက်၌ ပြောကြားလိုက်သည်။*

### ဘောလုံးမှာ ပြဿနာမရှိဟု ရွန်နီပြောကြား

*၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ လက်ရှိအသုံးပြုနေသော အက်ဒီးဒတ်စ်ကုမ္ပဏီထုတ် ဂျာဘူလာနီဘောလုံးမှာ အသင်းအချို့မှ ကစားသမားများအတွက် ထိန်းသိမ်းရခက်ခဲသည်ဟု ဝေဖန်နေသော်လည်း တိုက်စစ်မှူးများအတွက် ပြဿနာမရှိကြောင်း အင်္ဂလန်တိုက်စစ်မှူး ရွန်နီက ဇွန် ၁၇ရက်၌ သတင်းထောက်များအား ပြောကြားသည်။*

# နိုင်ငံတစ်ဝန်း ယာဉ်တိမ်းမှောက်မှုများဖြစ်ပွား ယာဉ်မောင်းများ သတိထားမောင်းနှင်ကြရန်နှင့် ယာဉ်ကြံ့ခိုင်မှုမပြတ်စစ်ဆေး၍ သတ်မှတ်မိုင်နှုန်းအတွင်းသာ မောင်းနှင်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

**နေပြည်တော် ဇွန် ၁၇**

ရန်ကုန်မြို့မှ ပဲခူးကုန်းမြို့သို့မောင်းနှင်သည့် ခရီးသည်တင်ယာဉ်တစ်စီးသည် ဇွန် ၈ရက် မွန်းလွဲ ၁၂နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၁/၇) မိုင်၌ လမ်းချော်ပြီး လမ်းယာဘက်ရှိသစ်ပင်ကိုတိုက်မိ တိမ်းမှောက်ရာ ယာဉ်ပေါ်ပါ ခရီးသည် ၁၉ဦး ဖူးရောင်နာကျင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးမြို့မှ မြင်းခြံမြို့သို့မောင်းနှင်သည့် ဟီးနိုးခရီးသည်တင်ယာဉ်တစ်စီးသည် ဇွန် ၁၁ရက် မွန်းလွဲ ၂နာရီ မိနစ် ၂၀ခန့်က မြင်းခြံ-မန္တလေး ကားလမ်းမိုင်တိုင်အမှတ် (၄၉/၇)မိုင်နှင့် (၅၀/၀)မိုင်အကြား၌ ဆိုင်ကယ်တစ်စီးကို မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်ပေါ်ပါရှိသူနှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း၊ ဇွန် ၁၃ရက် မွန်းတည့် ၁၂နာရီခန့်က ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၂၆၇/၇)မိုင်နှင့် (၂၆၈/၀) မိုင်အကြား၌ နေပြည်တော်ပျဉ်းမနားမှ နေပြည်တော်တပ်ကုန်းသို့ မောင်းနှင်လာသည့် ရွှေမြို့တော်လိုက်ထရပ်ယာဉ်တစ်စီးသည် ရှေ့ယာဘက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါရှိသူ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဇွန် ၁၃ရက် မွန်းလွဲ ၁နာရီခန့်က ပေါက်ခေါင်း-ပြည် ကားလမ်း မိုင်တိုင်အမှတ်(၄၁/၇)မိုင်နှင့် (၄၂/၀)မိုင်အကြား ကျောက်စွယ်ကျိုးအဆင်း၌ ဝါးနှင့်မီးသွေးတင်ဆောင်လာသည့် နစ်ဆန်းယာဉ်တစ်စီးသည် ဘရိတ်ပေါက်ပြီး လမ်းယာဘက်ရှိ ပေ ၂၀၀ခန့်နက်သည့် ချောက်ထဲသို့ထိုးကျခဲ့သဖြင့် ခရီးကြုံလိုက်ပါလာသူ အမျိုးသမီးနှစ်ဦးသေဆုံးပြီး ယာဉ်မောင်းအပါအဝင် ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ပေါက်ခေါင်းဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့သို့ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ရွှေပြည်သာမှ အင်းစိန်မြို့နယ်သို့မောင်းနှင်သည့် အမှတ်(၁၂၄) အထူးယာဉ်လိုင်းမှ ဖူဆိုဘတ်စ်ယာဉ်တစ်စီးသည် ဇွန် ၁၄ရက် ညနေ ၄နာရီခွဲခန့်က ကွန်ပျူတာ တက္ကသိုလ်အနီး၌ လမ်းဖြတ်ကူးသူအမျိုးသမီးတစ်ဦးအား တိုက်မိသဖြင့် နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

### သက်ဆိုင်ရာကနှိုးဆော်

မိုးကာလဖြစ်သဖြင့် လမ်းချော်တိမ်းမှောက်မှုများဖြစ်ပွားခြင်း၊ ဘရိတ်များ၊ တာယာများ၊ စက်ပိုင်းဆိုင်ရာများချွတ်ယွင်းပြီး ယာဉ်တိမ်းမှောက်ရခြင်း၊ အရှိန်မထိန်းနိုင်သဖြင့် ယာဉ်တိမ်းမှောက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ယာဉ်မောင်းသူများအနေဖြင့် သတိထားမောင်းနှင်ကြရန်နှင့် ယာဉ်ကြံ့ခိုင်မှုမပြတ်စစ်ဆေး၍ သတ်မှတ်မိုင်နှုန်းအတွင်းသာ မောင်းနှင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# SONY Expo-2010 ပြပွဲ သုံးရက်တိုင်တိုင်ကျင်းပမည် SONY 3D ရုပ်ရှင်ရုံတွင် 3D မျက်မှန်များနှင့် ပြပွဲလာပရိသတ်များ လက်တွေ့ကြည့်ရှုနိုင်ကြမည်

သတင်းဆောင်းပါး ➤ မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ ➤ လှမိုး(သတင်းစဉ်)၊ စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

**ရန်ကုန် ဇွန် ၁၇**

TMW Enterprise Ltd.က Sony Expo-2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၁၈ရက်မှ ၂၀ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီခွဲအတွင်း သုံးရက်တိုင်တိုင် ကျင်းပတော့မည်။

နည်းပညာမြင့်မားသော Sony၏ သီးခြားကမ္ဘာငယ်တစ်ခုသို့ လေ့လာချင်စောဖြင့် ပြပွဲမတိုင်မီတစ်ရက်မှာပင် သွားရောက်လေ့လာခဲ့သည်။

### သက်ဝင်လှုပ်ရှား

TMW Enterprise Ltd.မှ မစပယ်တင်နှင့် မလွင်လွင်မြတို့၏ စီစဉ်ပေးမှုဖြင့် Sony၏ 3Dရုပ်ရှင်ရုံအတွင်း Sony 3Dမျက်မှန်နှင့် ကိုယ်တိုင်လက်တွေ့ စမ်းသပ်ကြည့်ရှုခွင့်ရခဲ့သည်။ Sony 3D Digital World သီးခြားကမ္ဘာငယ်တစ်ခုသို့ ရောက်သွားသည်။ ဇာတ်လမ်းထဲတွင် ကိုယ်တိုင်ပါဝင်ခံစားနေသည့်နှယ် သက်ဝင်လှုပ်ရှား ရုပ်လုံးကြွများထဲ၌ မိမိရောက်ရှိနေပြီး အချို့အရာဝတ္ထုများက မိမိကိုလာရောက်ထိမှန်နေသကဲ့သို့ပင်။

မစပယ်တင်နှင့် မလွင်လွင်မြတို့က Sony Bravia များတွင် 3D နည်းပညာများ ပါဝင်သောကြောင့် ကြည့်ရှုသူများအနေဖြင့် သက်ဝင်လှုပ်ရှား ရုပ်လုံးကြွများကို Sony 3D မျက်မှန်များနှင့် ပြပွဲလာပရိသတ်များ လက်တွေ့စမ်းသပ်ကြည့်ရှုနိုင်ရန် ရုပ်ရှင်ရုံအသွင် ဖန်တီးထားကြောင်း၊ ဇာတ်လမ်းထဲတွင် မိမိကိုယ်တိုင်ပါဝင်ခံစားနေရသကဲ့သို့ အတွေ့အကြုံသစ်များကို ရရှိမည်ဖြစ်ကြောင်း၊ ဇာတ်လမ်းအတက်အကျအလိုက် မိမိကိုယ်တိုင် ဇာတ်ဆောင်တစ်ယောက်အသွင်ခံစားရပြီး စိတ်လှုပ်ရှားဖွယ်၊ အံ့သြဖွယ် အတွေ့အကြုံသစ်များနှင့် စိတ်ချမ်းမြေ့ပျော်ရွှင်မှုများစွာကို တွေ့ကြုံခံစားကြရမှာဖြစ်ကြောင်း၊ ပြပွဲတွင် ပရိသတ်များကို မိတ်ဆက်ပေးသည့်အနေဖြင့် လက်တွေ့စမ်းသပ်ကြည့်ရှုနိုင်ရန် စီစဉ်ပေးထားကြောင်း၊ ဈေးကွက်အတွင်း မကြာမီဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### တစ်ညီတည်းကြည့်ရှုနိုင်

Sony Bravia ကမ္ဘာငယ်အတွင်း ဆက်လက်ကြည့်ရှုလေ့လာရာတွင် Sony TV များထဲ၌ နောက်ဆုံးပေါ်နည်းပညာများဖြစ်သော အရှိန်မြန်နှုန်းမြင့် လှုပ်ရှားမှုပုံရိပ်များကို အဆက်မပြတ်ကြည့်ရှုခံစားနိုင်သည့် Motion Flow နည်းပညာကို ထည့်သွင်းထားသည့်အတွက် ဘောလုံးပွဲကြည့်ရှုသူများ၊ Game ကစားလိုသူများအနေဖြင့် Sony ၏ Bravia များဖြင့် အကောင်းဆုံးသော အတွေ့အကြုံများရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် Bravia TV များထဲတွင် စွမ်းအင်ချွေတာသုံးစွဲနိုင်သော Eco နည်းပညာများ၊ ကျန်းမာရေးအတွက် အထူးသင့်လျော်သော မိမိ၏ Eye Level ဖြင့် တစ်ညီတည်းကြည့်ရှုနိုင်သော အကောင်းဆုံးအနေအထားကို ဖော်ဆောင်နိုင်သည့် Monolithic Design TV များကိုလည်း တွေ့မြင်နိုင်းယှဉ်နိုင်မည် ဖြစ်သည်။

တစ်ဖန် ဧည့်ခန်း၊ အိပ်ခန်းစသည့် အိမ်တိုင်း လက်တွေ့ဆင်ယင်ခင်းကျင်းထားသော Home Theater ကမ္ဘာငယ်ကိုလည်း တွေ့ရပြန်သည်။ ထို့အပြင် ဓာတ်ပုံဝါသနာအိုးများအကြိုက် ကိုယ်တိုင်လက်တွေ့ရိုက်ကူးနိုင်မည့် Alpha ကင်မရာ ကမ္ဘာထဲတွင်လည်း Professional Photo Studio အသွင်ဖန်တီးထားပြီး Sony ၏ နာမည်ကျော် TX5 Cybershot Camera ၏ အဓိက အားသာချက်များဖြစ်သည့် ရေစိုခံခြင်း၊ ဖုန်အမှုန်အမွှားဒဏ်ခံနိုင်ခြင်း၊ အမြင့်ငါးပေအထက်မှပြုတ်ကျသော်လည်း ပျက်စီးမှုမရှိခြင်း၊ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ် အထိခံနိုင်ခြင်းစသည့် အားသာချက်များကို သေချာရှင်းလင်းပြသထားသည်။ ထို့အပြင် Professional Camera များဖြင့် လက်တွေ့ရိုက်ကူးလိုသူ ဓာတ်ပုံပညာရှင်များအတွက် Model များဖြင့် လက်တွေ့ ရိုက်ကွင်းများ စီစဉ်ပေးထားကြောင်း သိရသည်။



**SONY Expo-2010 ပြပွဲတွင် ပြသမည့် နောက်ဆုံးပေါ်နည်းပညာများ ထည့်သွင်းထားသော SONY TV များကို တွေ့ရစဉ်။**

### ခင်းကျင်းပြသ

အလားတူ Full HD ဖြင့် ရုပ်ရှင်ကြည့်လိုသူများအတွက်မှ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ဘောလုံးကွင်းအတွင်း၌ မိမိကိုယ်တိုင်သွားရောက်ကြည့်ရှုရသကဲ့သို့ ခံစားနိုင်မည့် 300 inch Screen Size Sony Projector ဖြင့် လက်တွေ့ဆင်ပြကြည့်ရှုနိုင်ရန် စီမံထားသည်။ Game ကစားလိုသူများအတွက်လည်း PS2 Game Player များကို ပြသသွားမည့်အပြင် SONY ၏ နာမည်ကျော် VAIO Laptop များ၊ SONY Ericsson Ph များ၊ Walkman များ၊ MP4, MP 3 များ၊ ၂၀၁၀ Xplod Car Audio အစရှိသော SONY Electronics များစွာကိုလည်း ထူးခြားသော Concept အသီးသီးဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

SONY Expo-2010 ပြပွဲ ကြိုတင်ပြင်ဆင်နေမှုကို ကြည့်ရှုလေ့လာပြီး အပြန်တွင် အချိန်လင့်ချေပြီ။ သို့သော် အားမရ၊ ပြပွဲနေ့များတွင် ထပ်မံ၍ အားပါးတရ သွားရောက်ကြည့်ရှုလေ့လာပါဦးမည်။ ။

# လင်းခေးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းများကြောင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁၇**

ရှမ်းပြည်နယ် လင်းခေးမြို့နယ် နောင်ဩကျေးရွာနေ ဒေါ်နန်းတောက်၊ သားဖြစ်သူ အိုက်ခမ်း၊ ဒေါ်နန်းလုနှင့် အဖော်နှစ်ဦး စုစုပေါင်း ငါးဦးသည် ဇွန် ၈ရက် နံနက်ပိုင်းက ဟင်းသီးဟင်းရွက်ခူးရန် ရွာမှထွက်လာစဉ် ကားလမ်းဘေး၌ သောင်းကျန်းသူများ ထောင်ထားသည့် တိုက်မိုင်းတစ်လုံးကို တိုက်မိခဲ့သဖြင့် ဒေါ်နန်းတောက်တို့ သားအမိနှစ်ဦး သေဆုံးပြီး ဒေါ်နန်းလုတွင် ယာပေါင်၊ ဝဲလက်၊ ယာလက်မောင်းတို့၌ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား ဟိုမိန်းဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကျွန်းပင်ဆိပ်ကျေးရွာနှင့် မြောင်းရိုးကြီးကျေးရွာသွားလမ်းဘေး၌ ဇွန် ၁၃ရက် ည ၈နာရီကျော်ခန့်တွင် ကျွန်းပင်ဆိပ်ကျေးရွာနေ အောင်ဝင်းဗိုလ်သည် အဖော်တစ်ဦးနှင့်အတူ သားငါးရှာရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဝန်ကြီးဌာန**

18-6 (15).pmd 1 6/18/2010, 2:34 AM

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့တွင်** ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဝန်ကြီးဌာန**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့** တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဝန်ကြီးဌာန**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

## ဟမ်ဘာဂါစားသုံးမှု လွန်ကဲလျှင် ကလေးငယ်များ ပန်းနာရင်ကျပ်ဖြစ်စေနိုင်

ကောင်းမြတ်သူ - ရေးသားသည်



လန်ဒန် ဇွန် ၁၇

အသားညှပ် ပေါင်မုန့်ခေါ် ဟမ်ဘာဂါကို စားသုံးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါ ရစေနိုင်ကြောင်း သုတေသီများက လေ့လာတင်ပြထားသည်။

ဗြိတိန်နိုင်ငံမှ ပန်းနာရင်ကျပ်ရောဂါနှင့် သက်ဆိုင်သော ဆရာဝန်များအဖွဲ့သည် နိုင်ငံပေါင်း ၂၀ မှ ကလေး ၅၀၀၀၀ကျော်တို့အား ဟမ်ဘာဂါစားသုံးခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါ ဆက်စပ်မှုကို သုတေသနပြုလေ့လာခဲ့ရာမှ သိရှိခဲ့ကြခြင်းဖြစ်သည်။

လေ့လာတွေ့ရှိ

ဟမ်ဘာဂါတွင်ပါဝင်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများမှာ ကျန်းမာရေးအတွက် ကောင်းမွန်သော်လည်း အဆီအဆိမ့်များ လွန်ကဲစွာပါဝင်နေခြင်းကြောင့် အဝလွန်၍ ပန်းနာရင်ကျပ်ရောဂါ ဖြစ်စေနိုင်ကြောင်း သတိပေးတင်ပြထားသည်။ သီတင်းတစ်ပတ်လျှင် ဟမ်ဘာဂါ အနည်းဆုံး သုံးလုံးစားသုံးသော ကလေးမှာ ပန်းနာရင်ကျပ်ရောဂါ ဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိထားသည်။ အင်တာနက်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၇-၆-၂၀၁၀

| | | |
|---|---|---|
| စစ်တွေမြို့ | ၄ ဒသမ ၈၂ | လက်မ |
| ကျောက်ဖြူမြို့ | ၄ ဒသမ ၅၇ | လက်မ |
| မောင်တောမြို့ | ၂ ဒသမ ၉၉ | လက်မ |
| သံတောင်ကြီးမြို့ | ၂ ဒသမ ၈၅ | လက်မ |



မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူဘက်ကမ်းရှိ ရေလယ်တိုင်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နေ့မအား ညမနား တည်ဆောက်လျက်ရှိသည့်မြင်ကွင်းကလည်း အားတက်ဖွယ်ရာ....။

# မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးအဖြစ် သမိုင်းဝင်လာတော့မည့် ဧရာဝတီတံတား(ပခုက္ကူ)

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံ - သာညွှန့်(သတင်းစဉ်) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်

နေပြည်တော် ဇွန် ၁၇

ဧရာဝတီမြစ်၏မြစ်ရေသည် လေအဝှေ့တွင် လှိုင်းကြက်ခွပ်ကလေးများ ထ၍ထ၍ စီးဆင်းနေသည်။ ဧရာဝတီမြစ်၏ သည်မှာဘက်ကမ်း ပခုက္ကူမြို့မှ လှမ်းမျှော်ကြည့်သော် မြစ်မင်းဧရာ၏ ကျောကုန်းထက်တွင် တံတားရေလယ်တိုင်များ စီရရီဖြင့်။

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်လာမည့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ကျွန်တော်တို့သတင်းအဖွဲ့ သွားရောက်လေ့လာခွင့် ရခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၃ ✳